# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
# ပထမအကြိမ် ပြည်သူ့လွှတ်တော် နဝမပုံမှန်အစည်းအဝေး
# (၂၃) ရက်မြောက်နေ့မှတ်တမ်း

## ၁၃၇၅ ခုနှစ်၊ တပေါင်းလဆန်း ၇ ရက်
## (၂၀၁၄ ခုနှစ်၊ မတ်လ ၇ ရက်)
## (သောကြာနေ့)

နေပြည်တော်ရှိ ပြည်သူ့လွှတ်တော် အစည်းအဝေးခန်းမတွင် ပထမအကြိမ် ပြည်သူ့လွှတ်တော် နဝမပုံမှန်အစည်းအဝေး (၂၃)ရက်မြောက်နေ့ကို နံနက် ၁၀း၀၀ နာရီအချိန်၌ စတင်ကျင်းပပါသည်။

[ပြည်သူ့လွှတ်တော်အစည်းအဝေးကို ကြီးကြပ်ကွပ်ကဲသူအဖြစ် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်းက ဆောင်ရွက်ပြီး၊ အခမ်းအနားမှူးအဖြစ် ဦးတင်ဝင်းအောင်၊ ခေတ္တညွှန်ကြားရေးမှူးချုပ်၊ ပြည်သူ့လွှတ်တော်ရုံးက ဆောင်ရွက်ပါသည်။]

**အချိန်၊ ၁၀း၀၀။**

**အခမ်းအနားမှူး။** ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များနှင့် ဧည့်သည်တော်များခင်ဗျား။ ယခုအချိန်ကစပြီး ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ပထမအကြိမ် ပြည်သူ့လွှတ်တော် နဝမပုံမှန်အစည်းအဝေး (၂၃)ရက်မြောက်နေ့ အစီအစဉ် စတင်ပါတော့မယ်။

## ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌနေရာယူခြင်း

**အခမ်းအနားမှူး။** ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ကြွရောက်လာပါပြီခင်ဗျား။

[ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌသည် ဥက္ကဋ္ဌအတွက်သတ်မှတ်ထားသည့် စင်မြင့်ပေါ်သို့ ကြွရောက်နေရာယူပါသည်။]

**ဥက္ကဋ္ဌ။** ။ အားလုံးမင်္ဂလာပါ။

**ကိုယ်စားလှယ်များ။** ။ မင်္ဂလာပါ။

**အခမ်းအနားမှူး။** ။ အားလုံးထိုင်နိုင်ပါပြီခင်ဗျား။

## ပြည်သူ့လွှတ်တော် အစည်းအဝေး အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ကျင်းပတဲ့ ပထမအကြိမ် ပြည်သူ့လွှတ်တော် နဝမပုံမှန်အစည်းအဝေး (၂၃) ရက်မြောက်နေ့မှာ ပြည်သူ့လွှတ်တော် လွှတ်တော်အခွင့်အရေးကော်မတီရဲ့တင်ပြချက်အရ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိတဲ့ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ၄၂၂ ဦးရှိတဲ့အနက် ၃၀၈ ဦး တက်ရောက်ပါတယ်။ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိသူဦးရေ စုစုပေါင်းရဲ့ ၇၂.၉၉ ရာခိုင်နှုန်းရှိတဲ့အတွက် အစည်းအဝေး အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်းကြေညာပါတယ်။ (သြဘာသံများ)

## အစည်းအဝေးအစီအစဉ်ဖြန့်ဝေထားကြောင်း တင်ပြခြင်း

**ဥက္ကဋ္ဌ**။ ။ အစီအစဉ်များကို ကြိုတင်ဖြန့်ဝေထားတဲ့ အစီအစဉ်များအတိုင်း ဆက်လက်ဆောင်ရွက်သွားပါမယ်။

## ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ ခွင့်ပန်ကြားခြင်း

**ဥက္ကဋ္ဌ**။ ။ ယခု အစည်းအဝေးမတက်ရောက်နိုင်တဲ့ လွှတ်တော်ကိုယ်စားလှယ်များအတွက် ခွင့်ပန်ကြားရန် ဖြစ်ပါတယ်။

**ဒေါက်တာစိုးရင်(အတွင်းရေးမှူး၊ လွှတ်တော်အခွင့်အရေးကော်မတီ)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ယနေ့ ၇-၃-၂၀၁၄ ရက်နေ့မှာ ကျင်းပပြုလုပ်တဲ့ ပထမအကြိမ် ပြည်သူ့လွှတ်တော် နဝမပုံမှန်အစည်းအဝေး (၂၃)ရက်မြောက်နေ့သို့ တက်ရောက်မယ့် ကိုယ်စားလှယ်များအနက်မှ ခွင့်ပန်ကြားသူများရဲ့အခြေအနေကို ကျွန်တော် ပြည်သူ့လွှတ်တော် လွှတ်တော်အခွင့်အရေးကော်မတီ အတွင်းရေးမှူးအား တင်ပြခွင့်ပြုပါရန် ဦးစွာတင်ပြပန်ကြားအပ်ပါတယ်ခင်ဗျား။ ယနေ့ကျင်းပတဲ့ ပြည်သူ့လွှတ်တော်အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိသူဦးရေ ၄၂၂ ဦး အနက် တက်ရောက်သည့်ဦးရေ ၃၀၈ ဦးရှိပြီး ခွင့်ပန်ကြားသူစုစုပေါင်း ၁၁၄ ဦးရှိပါတယ်။ ခွင့်ပန်ကြားသူများအနက် ၉၁ ဦးကတော့ ယမန်နေ့က ကြိုတင်ပန်ကြားထားသူများဖြစ်ပြီး ယနေ့ခွင့်ပန်ကြားသူ ၂၃ ဦး ရှိပါတယ်။ ယနေ့ခွင့်ပန်ကြားသူများမှာ-

(၁) ပုဇွန်တောင်မဲဆန္ဒနယ်မှ ဦးအောင်ဇင် ခွင့် ၁ ရက်၊

(၂) ပုလောမဲဆန္ဒနယ်မှ ဦးမောင်လှ(ခ)ဦးလှမြင့် ခွင့် ၁ ရက်၊

(၃) ပျော်ဘွယ်မဲဆန္ဒနယ်မှ ဦးမြင့်စိုး ခွင့် ၁ ရက်၊

(၄) သယ်န်းကျွန်းမဲဆန္ဒနယ်မှ ဦးသိန်းညွန့် ခွင့် ၁ ရက်၊

(၅) မော်လမြိုင်ကျွန်းမဲဆန္ဒနယ်မှ ဦးကိုကိုလွင် ခွင့် ၁ ရက်၊

(၆) ငပုတောမဲဆန္ဒနယ်မှ ဒေါ်ခင်သန်းမြင့် ခွင့် ၁ ရက်၊

(၇) မင်းလှမဲဆန္ဒနယ်မှ ဦးမောင်တိုး ခွင့် ၁ ရက်၊

(၈) ကြို့ပင်ကောက်မဲဆန္ဒနယ်မှ ဦးသန့်ဇင် ခွင့် ၁ ရက်၊

(၉) ပဲခူးမဲဆန္ဒနယ်မှ ဦးကြင်သိန်း ခွင့် ၄ ရက်၊

(၁၀) ရွှေတောင်မဲဆန္ဒနယ်မှ ဒေါက်တာဒေါ်အေးမြင့် ခွင့် ၁ ရက်၊

(၁၁) ဆောမဲဆန္ဒနယ်မှ ဦးဋ္ဌေးမောင် ခွင့် ၁ ရက်၊

(၁၂) ငဖဲမဲဆန္ဒနယ်မှ ဦးမြင့်ဋ္ဌေး ခွင့် ၁ ရက်၊

(၁၃) စလင်းမဲဆန္ဒနယ်မှ ဦးခင်မောင်လွင် ခွင့် ၁ ရက်၊

(၁၄) ကျွန်းလှမဲဆန္ဒနယ်မှ ဦးကျော်ညွန့် ခွင့် ၁ ရက်၊

(၁၅) တောင်ကြီးမဲဆန္ဒနယ်မှ ဦးစံလင်း ခွင့် ၁ ရက်၊

(၁၆) ပုဏ္ဏားကျွန်းမဲဆန္ဒနယ်မှ ဦးထွန်းအောင်ကျော် ခွင့် ၁ ရက်၊

(၁၇) မအူပင်မဲဆန္ဒနယ်မှ ဦးစိန်ဝင်း ခွင့် ၁ ရက်၊

(၁၈) လှိုင်းဘွဲမဲဆန္ဒနယ်မှ ဦးစောသိန်းအောင် ခွင့် ၁ ရက်၊

(၁၉) ထန်းတပင်မဲဆန္ဒနယ်မှ ဦးစိန်ထွန်း ခွင့် ၁ ရက်၊

(၂၀) ပခုက္ကူမဲဆန္ဒနယ်မှ ဦးပိုက်ကို ခွင့် ၁ ရက်၊

(၂၁) ကျောက်ကြီးမဲဆန္ဒနယ်မှ ဦးဉာဏ်ဆွေဝင်း ခွင့် ၁ ရက်၊

(၂၂) တောင်သာမဲဆန္ဒနယ်မှ ဦးအောင်သောင်း ခွင့် ၁ ရက်နှင့်

(၂၃) လမ်းမတော်မဲဆန္ဒနယ်မှ ဦးခင်မောင်ဝင်း ခွင့် ၁ ရက်တို့ဖြစ်ကြပါတယ်။ ခွင့်မဲ့ပျက်ကွက်သူမရှိပါ။ ယနေ့ခွင့်ပန်ကြားသူများအား ခွင့်ပြုပေးပါရန် လေးစားစွာ တင်ပြအပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ အားလုံးကိုခွင့်ပြုပါတယ်။

**မူကြမ်း**

## ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေကို မှတ်တမ်းတင်ခြင်း

**ဥက္ကဋ္ဌ။** ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ အစည်းအဝေးမှာ တက်ရောက်ခွင့်ရှိတဲ့ လွှတ်တော်ကိုယ်စားလှယ် ၄၂၂ ဦး၊ ယခင်ကခွင့်ပန်ကြား၍ ခွင့်ပြုထားသူ ၉၁ ဦး၊ ယနေ့ခွင့်ပြုထားသူ ၂၃ ဦးဖြစ်၍ လွှတ်တော်ကခွင့်ပြုထားသူစုစုပေါင်း ၁၁၄ ဦးဖြစ်ပါတယ်။ ခွင့်မဲ့ပျက်ကွက်သူမရှိပါ။ ယခု ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှုအခြေအနေကို လွှတ်တော်ရဲ့ အတည်ပြုချက်ရယူပါမယ်။ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှုအခြေအနေတင်ပြချက်ကို လွှတ်တော်က အတည်ပြုပါသလားခင်ဗျား။

[ သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။ လွှတ်တော်ကအတည်ပြုပါသည်။]

**ဥက္ကဋ္ဌ။** ။ လွှတ်တော်က အတည်ပြုတဲ့အတွက် ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှုအခြေအနေကို အတည်ပြုမှတ်တမ်းတင်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

## ပြည်သူ့လွှတ်တော် ဥပဒေရေးရာနှင့် အထူးကိစ္စရပ်များ လေ့လာဆန်းစစ်သုံးသပ်ရေးကော်မရှင်တွင် အဖွဲ့ဝင်များ ထပ်မံထည့်သွင်းဖွဲ့စည်းကြောင်း လွှတ်တော်သို့အသိပေးတင်ပြခြင်း

**ဥက္ကဋ္ဌ။** ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပြည်သူ့လွှတ်တော်ကဖွဲ့စည်းထားသော ဥပဒေရေးရာနှင့် အထူးကိစ္စရပ်များ လေ့လာဆန်းစစ်သုံးသပ်ရေးကော်မရှင်တွင် ဦးညီညီ၊ ညွှန်ကြားရေးမှူး(ငြိမ်း)၊ ပြည်ထောင်စုရှေ့နေချုပ်ရုံး၊ ဦးဆန်းလင်း၊ စစ်ကိုင်းတိုင်းဒေသကြီး ဥပဒေအရာရှိ(ငြိမ်း)၊ ပြည်ထောင်စုရှေ့နေချုပ်ရုံး၊ ဦးအောင်မြင့်၊ ညွှန်ကြားရေးမှူး(ငြိမ်း)၊ ဧရာဝတီတိုင်းဒေသကြီး အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနတို့အား ကော်မရှင်အဖွဲ့ဝင်များအဖြစ် ထပ်မံထည့်သွင်း ဖွဲ့စည်းလိုက်ကြောင်း လွှတ်တော်သို့ အသိပေးကြေညာပါတယ်။

လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပြည်ထောင်စုလွှတ်တော်ရုံး၏ ၇-၃-၂၀၁၄ ရက်စွဲပါ စာအမှတ်၊ ၁/ပထ(စဝ)(၉/၂၀၁၄)၃၇ ဖြင့် ပြည်ထောင်စုလွှတ်တော် နာယကထံမှ ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌနှင့် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌများထံသို့ နိုင်ငံတော်သမ္မတရဲ့ နာယကပြည်ထောင်စု လွှတ်တော်ထံ ပေးပို့တဲ့စာများကို ထပ်မံဖြန့်ဝေထားပါတယ်။ ထိုစာအကြောင်းအရာမှာ-

## နိုင်ငံတော်သမ္မတရုံး

စာအမှတ်၊ ၁၀၇ (၁/၈) သမ္မတရုံး

ရက်စွဲ၊ ၂၀၁၄ ခုနှစ်၊ မတ်လ ၆ ရက်

သို့

နာယက

ပြည်ထောင်စုလွှတ်တော်

အကြောင်းအရာ။ **ဥပဒေကြမ်းရေးဆွဲရေးကိစ္စ။**

ရည်ညွှန်းချက်။ နိုင်ငံတော်သမ္မတထံသို့ ပြည်ထောင်စုလွှတ်တော်နာယက က ၂၇-၂-၂၀၁၄ ရက်စွဲပါစာအမှတ်၊ ၁/ပထ(စည်းဝေး)(၉/၂၀၁၄)၂၉ ဖြင့် ပေးပို့စာ-

၁။ ရည်ညွှန်းစာတွင်ဖော်ပြပါရှိသည့် သာသနာရေးဝန်ကြီးဌာနနှင့် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဦးစီးဌာနတို့နဲ့ ဆက်စပ်သက်ဆိုင်နေသည့် ကိုးကွယ်ရာဘာသာကူးပြောင်းခြင်းဆိုင်ရာ ဥပဒေကြမ်းနှင့် လူဦးရေတိုးပွားနှုန်းထိန်းညှိခြင်းဆိုင်ရာ ဥပဒေကြမ်းတို့ကို အုပ်ချုပ်ရေးအဖွဲ့အစည်းနှင့် ပြင်ပရှိဥပဒေပညာရှင်များ၊ ဘာသာရပ်ကျွမ်းကျင်သူများနှင့် ယဉ်ကျေးမှုဓလေ့ထုံးတမ်းကျွမ်းကျင်သူများပါဝင်သည့် ဥပဒေကြမ်းရေးဆွဲရေးကော်မရှင် ဖွဲ့စည်းရေးဆွဲမည် ဖြစ်ပါသည်။

၂။ လက်ထပ်ထိမ်းမြားခြင်းဆိုင်ရာဥပဒေကြမ်းနှင့် တစ်လင်တစ်မယားစနစ် ကျင့်သုံးခြင်းဆိုင်ရာ ဥပဒေကြမ်းတို့သည် ပြည်ထောင်စုတရားလွှတ်တော်ချုပ်နှင့် ဆက်နွယ်သက်ဆိုင်သဖြင့် ယင်းက တာဝန်ယူရေးဆွဲရန်ဖြစ်ပါက သီးခြားမဏ္ဍိုင်ဖြစ်သော ပြည်ထောင်စုတရားလွှတ်တော်ချုပ်သို့ ပြည်ထောင်စုလွှတ်တော်မှ တိုက်ရိုက်ဆက်သွယ်ဆောင်ရွက်နိုင်ကြမည့်ကိစ္စဖြစ်ပါကြောင်း ပြန်ကြားပါသည်ဆိုပြီးတော့ ပြည်ထောင်စုလွှတ်တော်နာယကထံ မတ်လ ၆ ရက်၊ ၂၀၁၄ ရက်စွဲနဲ့ ရောက်ရှိခဲ့တဲ့ စာကို ပြည်ထောင်စုလွှတ်တော်နာယက က ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌနဲ့ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌများထံ ဖြန့်ဝေထားတဲ့စာ ဖြစ်ပါတယ်။ အပိုဒ် (၂) မှာပါတဲ့ လက်ထပ်ထိမ်းမြားခြင်းဆိုင်ရာ ဥပဒေကြမ်းနှင့် တစ်လင်တစ်မယားစနစ်ကျင့်သုံးခြင်းဆိုင်ရာဥပဒေကြမ်းနှင့်ပတ်သက်ပြီးတော့ ပြည်ထောင်စုတရားလွှတ်တော်ချုပ်က ဆက်လက်ဆောင်ရွက်နိုင်ရေးအတွက် ပြည်ထောင်စုလွှတ်တော်က အကြောင်းကြားပေးပို့ထားပြီးဖြစ်ကြောင်း အသိပေးတင်ပြပါတယ်။

မူကြမ်း

**ကြယ်ပွင့်ပြထားသည့် မေးခွန်းများကို လွှတ်တော်ကိုယ်စားလှယ်များကမေးမြန်းခြင်းနှင့် သက်ဆိုင်ရာ ပြည်ထောင်စုအဆင့်အဖွဲ့အစည်းဝင်များက ဖြေကြားခြင်း**

**ဥက္ကဋ္ဌ**။ ။ အစီအစဉ် ၆ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ မေးခွန်းများ မေးမြန်းခြင်း၊ ဖြေကြားခြင်း အစီအစဉ်စတင်ဆောင်ရွက်ပါမယ်။

**မိုးကောင်း-ဖားကန့်လမ်းကို အဆင့်မြှင့်ပြုပြင်ရန်အတွက် ကျောက်မျက်ကုမ္ပဏီများကို လုပ်ငန်းရှင်များ၏ ဆန္ဒမပါဘဲ ရန်ပုံငွေထည့်ဝင်ရန် ကချင်ပြည်နယ်အစိုးရအဖွဲ့၏ ဆုံးဖြတ်ချက်သည် ဥပဒေနှင့်ညီညွတ်မှုရှိ/မရှိနှင့် ရန်ပုံငွေထည့်ဝင်လိုခြင်းမရှိသော ကုမ္ပဏီများကို မည်သည့်ဥပဒေအရ အရေးယူမည်ကို သိလိုသည်တို့နှင့် စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ ဦးစွာ သီပေါမဲဆန္ဒနယ်မှ ဦးရဲထွန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**ဦးရဲထွန်း(သီပေါမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီး ခင်ဗျား။ ကျွန်တော်ကတော့ ရှမ်းပြည်နယ်၊ သီပေါမဲဆန္ဒနယ်က ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးရဲထွန်း ဖြစ်ပါတယ်။ ကျွန်တော် ဥက္ကဋ္ဌကြီးမှတစ်ဆင့်မေးမြန်းမယ့် မေးခွန်းကတော့ ဒီ မိုးကောင်း-ဖားကန့်လမ်းပြုပြင်ရေးနှင့်ပတ်သက်တဲ့ကိစ္စပဲဖြစ်ပါတယ်။ ဒီလမ်းဟာဆိုလို့ရှိရင် အရှည် ၅၉.၄ မိုင်သာရှည်လျားပြီး ကျွန်တော်တို့ ကျောက်သယ်တဲ့ကားတွေ အဲ့ဒီဒေသကိုသွားလာတဲ့ လုပ်သားပြည်သူတွေတော်တော်များများ အသုံးပြုနေတဲ့ လမ်းဖြစ်ပြီးတော့ ဒီလမ်းဟာ သိပ်ပြီးရှည်လျားတဲ့ လမ်းလည်း မဟုတ်ပါဘူး။ ဒီလမ်းကို ကျွန်တော်တို့ BOT စနစ်နဲ့ တခြားလမ်းမကြီးတွေလို လုပ်ကိုင်ဆောင်ရွက်နိုင်ပေမယ့် အဲ့ဒီလိုမဆောင်ရွက်ခဲ့ဘဲနဲ့ ကချင်ပြည်နယ်အစိုးရကနေပြီးတော့ ပြီးခဲ့တဲ့ ၂၀၁၃ ဒီဇင်ဘာလထဲမှာ အစည်းအဝေးတစ်ရပ်ကိုခေါ်ယူပြီးတော့ ကျောက်မျက်လုပ်ငန်းရှင်တွေကို ဒီ ကျောက်မျက်လုပ်ကွက်တစ်ကွက်ကို ကျပ်သိန်း ၁၀၀ နှုန်းနဲ့ ရန်ပုံငွေထည့်ဝင်ကြဖို့ဆိုပြီးတော့ အစည်းဝေးခေါ်ဆုံးဖြတ်ခဲ့တဲ့ကိစ္စကို ကျွန်တော်မေးမြန်းသွားမှာဖြစ်ပါတယ်။ ဒီအစည်းအဝေးမတိုင်ခင်မှာ ဆိုလို့ရှိရင် နိုင်ငံတော် ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်းကသွားပြီးတော့ ရှင်းလင်းပြတဲ့အခါမှာ တစ်ဝက်ကိုတော့ ကျွန်တော်တို့ BOT စနစ်နဲ့ လုပ်ခိုင်းပြီးတော့ ကျန်တဲ့တစ်ဝက်ကိုတော့ နိုင်ငံတော်အစိုးရကနေပြီးတော့ တာဝန်ယူဆောင်ရွက်ပေးမယ်ဆိုပြီးတော့ လမ်းညွှန်မှုပေးခဲ့ပေမယ့် ကချင်ပြည်နယ်အစိုးရအဖွဲ့က အဲ့ဒါကိုလက်မခံဘဲနဲ့ ကျွန်တော်တို့ ဒီလမ်းတစ်ခုလုံးကိုပဲ ကုမ္ပဏီတွေကထည့်ဝင်တဲ့ငွေနဲ့လုပ်မယ့် သဘောမျိုးအစည်းအဝေးဆုံးဖြတ်တယ်ဆိုပြီးတော့ တစ်ကွက်ကို ကျပ်သိန်း ၁၀၀ နှုန်းနဲ့ထည့်ခိုင်းတာဖြစ်ပါတယ်။ အဲ့ဒီလိုထည့်ခိုင်းတဲ့အခါမှာ တကယ်လို့သာ လုပ်ကွက်ပေါင်း

တစ်သောင်းခွဲရှိတဲ့ လုပ်ငန်းရှင်တွေက အပြည့်အဝထည့်ဝင်ကြမယ်ဆိုရင် မြန်မာငွေကျပ် ဘီလီယံ ၁၅ဝ လောက်ရမှာ ဖြစ်ပါတယ်။ အဲ့ဒီတော့ တကယ်တမ်းဒီလမ်းကို ကုန်ကြမယ့် ဒီစရိတ်ကတော့ ကျွန်တော်တို့ လမ်းတစ်ဝက်ကို ၁၆ ဘီလီယံလောက်တွက်မယ်ဆိုရင်တောင်မှ လမ်းအပြည့်ဟာ ၃၂ ဘီလီယံလောက်ပဲ ကုန်ကျမှာဖြစ်ပါတယ်။ ဒါနဲ့ပတ်သက်ပြီးတော့ ဒီအစည်းအဝေးဆုံးဖြတ်တယ်ဆိုတာ မှာလည်း ကျောက်လုပ်ငန်းရှင်တွေက သဘောတူပါတယ်လို့ ဖော်ပြတာရော၊ သဘောမတူပါဘူးလို့ ဖော်ပြတာရော ပွင့်ပွင့်လင်းလင်း ဒီဖော်ပြခွင့်မရခဲ့ဘဲနဲ့ ကျွန်တော်တို့ ဒီထည့်ဝင်ရမယ့်ငွေတွေကို ဘယ်နေ့/ဘယ်ရက် နောက်ဆုံးထားပြီးတော့ ထည့်ဝင်ရမယ်ဆိုပြီးတော့ အကြောင်းကြားဖိအားပေး လာတာမျိုးတွေရှိပါတယ်။ ဒါကြောင့် ဒီလိုလုပ်တဲ့ကိစ္စရပ်ဟာဆိုလို့ရှိရင် ကျောက်မျက်ကုမ္ပဏီ အသီး သီးဟာ အခုချိန်မှာ လုပ်ငန်းတွေရပ်တန့်ထားရတာကတစ်ကြောင်း၊ ဒီလိုရပ်တန့်ထားရတဲ့ ကာလဟာ နှစ်နှစ်လောက်ရှိပြီးတော့ ကျွန်တော်တို့ သူတို့ပိုင်ဆိုင်တဲ့ အဆောက်အဦတွေ၊ စက်ယန္တရားတွေ၊ အဖျက်အဆီးခံရတာအကြောင်းအမျိုးမျိုးကြောင့် ဒီရန်ပုံငွေကို ပေးသွင်းဖို့ အခက်အခဲ ရှိနေပါတယ်။ အဲ့ဒီလိုရှိနေတဲ့အတွက်ကြောင့်မို့လို ဒီကချင်ပြည်နယ် အစိုးရအဖွဲ့က ဒီလိုဆောင်ရွက်ချက်ဟာဆိုလို့ ရှိရင် ဥပဒေနဲ့ညီ/မညီဆိုတဲ့ မေးခွန်းကိုကျွန်တော်မေးလိုပါတယ်။ နောက် ဒုတိယမေးခွန်းကတော့ တကယ်လို့ ဒီဆောင်ရွက်ချက်ဟာ ဥပဒေနဲ့မညီဘူးလို့ယူဆတယ်ဆိုရင် ရန်ပုံငွေထည့်ဝင်ခြင်း မပြုဘူး ဆိုပါက ဘယ်လိုအရေးယူဆောင်ရွက်မလဲဆိုတာကိုသိလိုပါတယ်။ အဲ့ဒီမေးခွန်းနှစ်ခုကို ဥက္ကဋ္ဌကြီးမှ တစ်ဆင့် မေးမြန်းအပ်ပါတယ်ခင်ဗျား။ အားလုံးကိုကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ သက်ဆိုင်ရာပြည်ထောင်စုဝန်ကြီးဌာနမှ ပြန်လည်ဖြေကြားဖို့ ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဦးအောင်သိမ်း(ဒုတိယဝန်ကြီး၊ သမ္မတရုံးဝန်ကြီးဌာန-၄)**။ ။ ရှိသေလေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်တော်များ ကိုယ်စိတ်နှစ်ဖြာ ကျန်းမာ ချမ်းသာပါစေကြောင်း ဆုမွန်ကောင်းတောင်းရင်း နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ နိုင်ငံတော်သမ္မတရုံးဝန်ကြီးဌာန(၄) မှ ဒုတိယဝန်ကြီး ဦးအောင်သိမ်း ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ရှမ်းပြည်နယ်၊ သီပေါမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးရဲထွန်း မေးမြန်းခဲ့တဲ့မေးခွန်းနှင့် ပတ်သက်ပြီး ကချင်ပြည်နယ်အစိုးရ အဖွဲ့ကိုယ်စား ပြန်လည်ရှင်းလင်းဖြေဆိုသွားမှာ ဖြစ်ပါတယ်။ ၎င်းမေးခွန်းနှင့်ပတ်သက်ပြီးတော့ ကချင်ပြည်နယ်၊ မိုးညှင်းခရိုင်၊ ဖားကန့်မြို့နယ်ဟာ ကမ္ဘာကျော် ကျောက်စိမ်းထွက်ရှိရာဒေသ ဖြစ်ပါတယ်။ တန်ဖိုးကြီးကျောက်စိမ်းထွက်ရှိရာ ဖားကန့်ဒေသမှာ ၁၉၉၂

ခုနှစ်မတိုင်မီကာလမှာ ကျောက်တူးဖော်ခြင်းလုပ်ငန်းလုပ်ကိုင်သူ အနည်းငယ်သာ ရှိခဲ့ပါတယ်။ ၁၉၉၂ ခုနှစ်ကနေ ၁၉၉၅ ခုနှစ်ထိကာလဟာ ဖက်စပ်လုပ်ကွက်များသာရှိပြီးတော့ ၁၉၉၅ ခုနှစ်မှ ၂၀၀၀ ခုနှစ် ကာလမှာ စုပေါင်းကုမ္ပဏီများမှ ကျောက်စိမ်းတူးဖော်ခြင်းလုပ်ငန်းကို လုပ်ကိုင်ခဲ့ကြောင်း သိရှိရပါတယ်။ ၂၀၀၁ ခုနှစ်မှာ နိုင်ငံတော်ကနေပြီးတော့ ဖားကန့်မြို့နယ်ကို ရတနာနယ်မြေအဖြစ် သတ်မှတ်ခဲ့ပြီးတော့ ကျောက်မျက်ကုမ္ပဏီများဟာ နိုင်ငံတော်နှင့် အကျိုးတူအဖြစ် ကျောက်စိမ်းတူးဖော်ခြင်းလုပ်ငန်းကို စတင်ဆောင်ရွက်ခဲ့ပါတယ်။

မိုးကောင်း(ပါဟုတ်)-ဖားကန့်ကားလမ်းမှာ အရှည်မိုင်အားဖြင့် (၅၉/၄)မိုင် ဖြစ်ပါတယ်။ အဆိုပါလမ်းပိုင်းဟာ နှစ်စဉ်မိုးရာသီရောက်ရှိတဲ့အခါတိုင်း ကားလမ်းပေါ်ရေကျော်ခြင်းများကြောင့် ယာဉ်များသွားလာရန်ခက်ခဲပါတယ်။ ၎င်းလမ်းပိုင်းရဲ့ခံနိုင်ဝန်ဟာ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းရဲ့ သတ်မှတ်ချက်အရ ယာဉ်ရော၊ ကုန်ရောပါ အပါအဝင် ၁၃ တန် အားခွင့်ပြုထားကြောင်း သိရှိရပါတယ်။ နေ့စဉ် ယာဉ်ကြီး/ယာဉ်ငယ်အစီး ၁၀၀ ခန့် ဖြတ်သန်းသွားလာနေပြီးတော့ အများအားဖြင့် ဆီပီပါသယ်ယာဉ်များဖြစ်တဲ့ UD ၁၂ ဘီး/ ၁၀ ဘီး/ ၆ ဘီး ကုန်တင်ယာဉ်ကြီးများ၊ စက်ကြီးများနှင့် ကျောက်စိမ်းတင်ယာဉ်တန်းများဖြစ်တာကို တွေ့ရှိရပါတယ်။ အဓိကအားဖြင့် လမ်းပျက်စီးမှုမှာ ကျောက်စိမ်းယာဉ်များနှင့် လုပ်ငန်းသုံးအခြားကုန်တင်ယာဉ်ကြီးများ သတ်မှတ်ဝန်ထက် ပိုမိုတင်ဆောင်သွားလာမှုကြောင့်သာ ပျက်စီးရခြင်း ဖြစ်ပါတယ်။ မိုးကောင်း-ပါဟုတ်-ဖားကန့်လမ်းဟာ ကျောက်မျက်လုပ်ငန်းရှင်များ၊ ကုမ္ပဏီများရဲ့ ကုန်ထုတ်လမ်းဖြစ်သလို နိုင်ငံတစ်ဝှမ်းလုံးမှာရှိတဲ့ ဆင်းရဲမှုနှင့်အလုပ်အကိုင်မရရှိမှုကြောင့် ဖားကန့်ဒေသမှာ အလုပ်လုပ်ကိုင်ရန် လာရောက်တဲ့ ပြည်သူများ သွားလာတဲ့လမ်းဖြစ်ပါတယ်။ မိုးကောင်း-ပါဟုတ်လမ်းပိုင်းဟာ ၈ မိုင်ခန့်ကွာဝေးပြီးတော့ ပါဟုတ်ကနေ ဖားကန့်အထိ ၅၉ မိုင် နဲ့ ၄ ဖာလုံရှိပါတယ်။ ပွင့်လင်းရာသီဖြစ်တဲ့ ၂၀၁၄ ခုနှစ် ဇန်နဝါရီလမှာ ကွင်းဆင်းစိစစ်ချက်အရ ပါဟုတ်-ကာမိုင်းလမ်းပိုင်းဟာ ၁၇ မိုင်ကွာဝေးပြီး ယာဉ်မောင်းကြာချိန်ဟာ တစ်နာရီခန့်ကြာမြင့်ပါတယ်။ ကာမိုင်း-ကထရုံလမ်းပိုင်းဟာ ၆ မိုင် ကွာဝေးပြီးတော့ ယာဉ်မောင်းကြာချိန် ၃၀ မိနစ်ကြာမြင့်ပါတယ်။ ကထရုံ-မအူပင်လမ်းပိုင်းဟာ ၆ မိုင်ကွာဝေးပြီးတော့ ယာဉ်မောင်းကြာချိန် ၃၀ မိနစ်ကြာမြင့်ပါတယ်။ မအူပင်-နန့်ယားလမ်းပိုင်းဟာဆိုရင် ၆ မိုင်ကွာဝေးပြီးတော့ ယာဉ်မောင်းကြာချိန် ၄၀ မိနစ်ကြာမြင့်ပါတယ်။ နန့်ယား-နန့်တိန်းလမ်းပိုင်းဟာ ၉ မိုင်ကွာဝေးပြီးတော့ ယာဉ်မောင်းကြာချိန်ဟာ တစ်နာရီ ၃၀ မိနစ် ကြာမြင့်ပါတယ်။ နန့်တိန်း-လုံးခင်းလမ်းပိုင်းဟာ ၁၀ မိုင်ကွာဝေးပြီး ယာဉ်မောင်းကြာချိန် တစ်နာရီနဲ့ ၁၀ မိနစ်ကြာမြင့်ပါတယ်။ လုံးခင်း-ဖားကန့်လမ်းပိုင်းဟာ ၅ မိုင် ၄ ဖာလုံ ကွာဝေး

ပြီးတော့ ယာဉ်မောင်းကြာချိန် ၂၀ မိနစ်ကြာမြင့်ပါတယ်။ သို့အတွက်ကြောင့် မိုးကောင်း(ပါဟုတ်)က နေပြီးတော့ ဖားကန့်ကို ၅၉ မိုင် ၄ ဖာလုံ ခရီးကို ယာဉ်မောင်းကြာချိန်ဟာ ၅ နာရီနဲ့ ၄၀ မိနစ်ကြာမြင့်တဲ့အတွက်ကြောင့် လမ်းကြောင်းအခြေအနေအရ တစ်နာရီကို ၁၀.၅ မိုင်နှုန်းသာ မောင်းနှင်နိုင်ကြောင်းတွေ့ရှိရပါတယ်။

မိုးကောင်းမြို့နယ် အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးစံပြည့်ကနေပြီးတော့ မိုးကောင်း(ပါဟုတ်)-ကာမိုင်း-ဖားကန့်လမ်းဟာ (၅၉/၄) မိုင် ရှည်လျားပြီးတော့ မြေသားလမ်းဖြစ်တဲ့အတွက်ကြောင့် အားလျော်စွာ မိုးတွင်းကာလအတွင်းမှာ ခက်ခဲစွာသွားလာရလေ့ရှိပြီး ကုမ္ပဏီပိုင်ကျောက်စိမ်းတင်ယာဉ်များ ဖြတ်သန်းသွားလာမှုကြောင့် အဆိုပါလမ်းမှာ တစ်နှစ်ထက်တစ်နှစ် ပျက်စီးမှုများပြားလာပြီးတော့ ပြင်ဆင်ရန်အတွက်ကို အမျိုးသားလွှတ်တော် အဌမပုံမှန်အစည်းအဝေး၊ ဒုတိယနေ့မှာကချင်ပြည်နယ်မှာရှိတဲ့ မိုးကောင်း-ဖားကန့်လမ်းကို အဆင့်မြှင့်ပြုပြင်ပေးရန် အစီအစဉ်ရှိ/မရှိ မေးခွန်းမေးမြန်းခဲ့ပါတယ်။ ၃-၁၀-၂၀၁၃ ရက်နေ့ထုတ် မြန်မာ့အလင်းသတင်းစာ စာမျက်နှာ(၇)မှာ ဖော်ပြပါရှိပါတယ်။ ဖားကန့်မြို့နယ် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးအင်ဖရောင်းဂန်မှလည်း ပထမအကြိမ် ကချင်ပြည်နယ်လွှတ်တော် ဆဌမပုံမှန်အစည်းအဝေး နဝမမြောက်နေ့မှာ မိုးကောင်း-ကားမိုင်း-ဖားကန့်လမ်းကို ယခုနှစ်မိုးရာသီမှာ အဆင်ပြေစွာ ယာယီသွားလာနိုင်ရေးအတွက်ကို ကချင်ပြည်နယ်အစိုးရ၊ ကျောက်စိမ်းတူးဖော်ရေးလုပ်ငန်းနဲ့ ကျောက်မျက်လုပ်ငန်းရှင်များရဲ့ ပြည်သူလူထုပူးပေါင်းပြီးတော့ အချိန်မီပြုပြင်သွားလာနိုင်ရေးနှင့် ရာသီမရွေးသွားလာနိုင်ရေးအတွက်ကို ကတ္တရာလမ်းကနေပြီးတော့ ကျောက်ချောလမ်းခင်းဖို့ ပြည်ထောင်စုရန်ပုံငွေမှ ချမှတ်သွားရန် အဆိုတင်သွင်းခဲ့ပါတယ်။

ရှေ့ဆက်သွားမယ့် နိုင်ငံတော်မူဝါဒ၊ ရည်မှန်းချက်များနှင့်အညီ ကျေးလက်ဒေသများ အလျင်အမြန်ဖွံ့ဖြိုးတိုးတက်ရန်မှာ နိုင်ငံတော်ဘတ်ဂျက်ဖြင့် မလုံလောက်တဲ့အတွက်ကြောင့် နိုင်ငံတကာချေးငွေ အထောက်အပံ့များရယူပြီးတော့ ဆောင်ရွက်ကြရပါတယ်။ သို့ဖြစ်တဲ့အတွက်ကြောင့် ဒေသခံပြည်သူများရဲ့ စားဝတ်နေရေး အဆင်ပြေစေရန်နှင့် ဒေသဖွံ့ဖြိုးရေးအတွက် မိုးကောင်း-ပါဟုတ်-ဖားကန့်လမ်း ပြန်လည်ပြုပြင်နိုင်ရန် ပြည်သူများရဲ့ဆန္ဒ၊ လွှတ်တော်ကိုယ်စားလှယ်များ၏ တောင်းဆိုမှုများကြောင့် ကချင်ပြည်နယ်ဝန်ကြီးချုပ်မှ နေပြည်တော်သို့ အစည်းအဝေးတက်ရောက်ရန်သွားရောက်စဉ် နိုင်ငံတော်သမ္မတကြီးနှင့် တွေ့ဆုံရာမှာ တင်ပြခဲ့ပါတယ်။

ကချင်ပြည်နယ်အစိုးရအဖွဲ့အနေနဲ့ ၂၈-၁-၂၀၁၄ ရက်နေ့မှာ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းမှ အင်ဂျင်နီယာမှူးကြီး ဦးစောသိန်းကို မိုးကောင်း(ပါဟုတ်)-ဖားကန့်လမ်းပိုင်းမှာရှိတဲ့လမ်းနှင့် တံတား

များ အခြေအနေအား ကွင်းဆင်းစစ်ဆေးစေပြီးတော့ ကာမိုင်းမှ လုံးခင်းကားလမ်းပိုင်းမှာ ပြည်သူများ အဆင်ပြေချောမွေ့စွာ သွားလာနိုင်ရေးအတွက် ချိုင့်ခွက်များကို Dozer, Loader, Grader များနဲ့ မြေညှိခြင်းလုပ်ငန်းများကို ညွှန်ကြားဆောင်ရွက်လျက်ရှိပါတယ်။

မိုးကောင်း(ပါဟုတ်)-ဖားကန့်ကားလမ်းမှာ အရှည်အားဖြင့် ၅၉ မိုင် ၄ ဖာလုံရှိတဲ့အတွက်ကြောင့် လမ်းပန်းဆက်သွယ်မှု ကောင်းမွန်စေရေးအတွက်ကို မိုးကောင်း(ပါဟုတ်)ကနေပြီးတော့ ကာမိုင်း-ကထရံ-မအူပင်အထိ စုစုပေါင်း ၂၉ မိုင်ကို ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းမှလည်းကောင်း၊ မအူပင်-နန့်ယား-နန့်တိန်း-လုံးခင်း-ဖားကန့် အထိ စုစုပေါင်း ၃၀ မိုင် ၄ ဖာလုံကို ကချင်ပြည်နယ်အစိုးရအဖွဲ့မှ BOT စနစ်နဲ့လည်းကောင်း ပြုပြင်နိုင်ရေးအတွက်ကို ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ပြန်လည်ဖြေကြားအပ်ပါတယ်။ အားလုံးကိုကျေးဇူးတင်ပါတယ်။(သြဘာသံများ)

**ဦးရဲထွန်း(သီပေါမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်မေးတဲ့မေးခွန်းရဲ့အဖြေကို တိုက်ရိုက်ဖြေမသွားဘူးလို့ ကျွန်တော်ယူဆပါတယ်။ ကျွန်တော် မေးတဲ့မေးခွန်းက အခုလို ကချင်ပြည်နယ်အစိုးရရဲ့ဆောင်ရွက်ချက်ဟာ ဥပဒေနှင့်ညီ/မညီဆိုတာ တစ်ချက်၊ နောက် တကယ်လို့ ဥပဒေနှင့်မညီဘူးလို့ ကျောက်မျက်ကုမ္ပဏီတွေကယူဆလို့ မထည့်ဝင်ဘူးဆိုလို့ရှိရင် ဘယ်လိုဥပဒေနဲ့အရေးယူမလဲလို့ ကျွန်တော်မေးတာဖြစ်ပါတယ်။ အခု ဝန်ကြီးရဲ့ဖြေသွားချက်ကတော့ သူတို့ BOT စနစ်နဲ့ ဆောင်ရွက်နေမယ်ဆိုတော့ ဒီအစီအစဉ်ကိုဖျက်လိုက်ပြီလားလို့၊ ဒီလိုကုမ္ပဏီတွေဆီကနေပြီးတော့ ရန်ပုံငွေတောင်းခံပြီးတော့ လုပ်မယ်ဆိုတဲ့အစီအစဉ်ဟာ ဥပဒေနှင့်မညီတဲ့အတွက်ကြောင့်မို့လို့ ဖျက်လိုက်ပြီလားလို့ ရှင်းရှင်းလင်းလင်း ကျွန်တော်သိလိုပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ သက်ဆိုင်ရာဝန်ကြီးဌာနက ဖြေဆိုနိုင်ကပြန်လည်ဖြေဆိုဖို့ဖြစ်ပါတယ်။

**ဦးအောင်သိမ်း(ဒုတိယဝန်ကြီး၊ သမ္မတရုံးဝန်ကြီးဌာန-၄)**။ ။ မေးတဲ့မေးခွန်းနဲ့ပတ်သက်ပြီးတော့ ကျွန်တော်ဟာ ကချင်ပြည်နယ်အစိုးရရဲ့ကိုယ်စား သူတို့ရဲ့မေးခွန်းဖြေကြားချက်ကို လာရောက်ဖြေကြားခြင်းဖြစ်ပါတယ်။ အခုမေးတဲ့မေးခွန်းကိုလည်း ဒီအဖြေမှာလုံးဝပါရှိတာမရှိပါဘူး။ ဒါကလည်း သဘောကတော့ ရှင်းရှင်းပြောရရင်တော့ မဖြေချင်လို့မဖြေဘဲနဲ့ သူဖြေနိုင်တဲ့ဟာကိုပဲဖြေသွားတဲ့ သဘောမျိုးလို့ယူဆပါတယ်။ ဒါ့ကြောင့်မို့လို့ အသေးစိတ်သိချင်ရင်တော့ ကချင်ပြည်နယ်အစိုးရကို ပြန်လည်မေးမြန်းပြီးတော့ ဖြေကြားမည်ဖြစ်ကြောင်း တင်ပြအပ်ပါတယ်။

**ဦးရဲထွန်း(သီပေါမဲဆန္ဒနယ်)**။ ။ ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော့်အနေနဲ့ နောက်ထပ်ထပ်ဆင့်မေးခွန်းလေးတစ်ခုပါ။ ဒါကတော့ အခုဖြေဖို့လည်းမလိုပါဘူး။ အဓိကအားဖြင့်တော့ ကျွန်တော်တို့ ပြည်သူလူထုလုပ်ငန်းရှင်တွေက ပွင့်လင်းမြင်သာမှုရှိစေချင်တာပါ။ ပွင့်လင်းမြင်သာမှုရှိစေချင်တဲ့ အတွက်ကြောင့်မို့လို့ အခုသူတို့ကောက်ခံတဲ့ငွေတွေကလည်း အဆမတန်များနေပါတယ်။ ကုန်ကျမယ့်ငွေကလည်း တကယ့်တကယ်ပြောမယ်ဆိုလို့ရှိရင်တော့ အဲ့ဒီလောက်မကုန်ပါဘူး။ အဲ့ဒီလိုဖြစ်တဲ့ အတွက်ကြောင့်မို့လို့ ဒါက ကျွန်တော်တို့တတွေဟာ နောင်မှာ ဘာပဲလုပ်လုပ် အစိုးရအဖွဲ့သော်လည်းကောင်း၊ ပြည်သူလူထုသော်လည်းကောင်း ဥပဒေနှင့်အညီသာလုပ်ကိုင်ဆောင်ရွက်ဖို့လိုပါတယ်။ ဒါကြောင့်မို့လို့ ကျွန်တော်တို့အနေနဲ့ ဥပဒေနှင့်မညီတဲ့ကိစ္စတွေဆိုလို့ရှိရင်တော့ ရပ်တန်းကရပ်ဖို့လိုတဲ့အကြောင်းနှင့် ပွင့်လင်းမြင်သာရှိဖို့အတွက် ကချင်ပြည်နယ်အစိုးရအဖွဲ့ရဲ့ ဝန်ကြီးချုပ်ကိုယ်၌က လွှတ်တော်မှာလာရောက်ပြီးတော့ ဖြေကြားဖို့လိုမယ်ဆိုရင်လည်း လာရောက်ပြီးတော့ ဖြေကြားပေးဖို့ ဥက္ကဋ္ဌကြီးအနေနဲ့ ဖိတ်ကြားပေးပါလို့ တောင်းပန်ရင်းနဲ့နိဂုံးချုပ်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ နောင်ဆိုရင်တော့ မူလမေးခွန်းမှာပါတဲ့မေးမြန်းချက်ကို တိုက်ရိုက်ဖြေဖို့လိုမယ်လို့ ပြောလိုပါတယ်။ ထပ်ဆင့်မေးတဲ့မေးခွန်းကိစ္စကတော့ မေးတဲ့၊ မေးမြန်းတဲ့မေးခွန်းအပေါ်မှာ မူတည်ပြီးတော့ တက်ရောက်တဲ့၊ တာဝန်ရှိတဲ့သက်ဆိုင်ရာဝန်ကြီးဌာနက မဖြေနိုင်ဘူးဆိုရင်လည်း မဖြေနိုင်သေးကြောင်းပြောလို့ရပါတယ်။ ဒါကြောင့်မို့လို့ နောင်များ လွှတ်တော်ကိုယ်စားလှယ်များက မေးတဲ့မေးခွန်းမှာ မူလကတည်းက ပါရှိတယ်ဆိုရင် ဒီမေးခွန်းကိုဖြေတဲ့အခါမှာ မူလကမေးတဲ့အကြောင်းအရာများ တစ်ခါတည်းဖြေဖို့လိုအပ်မယ်ဖြစ်ကြောင်း သက်ဆိုင်ရာပြည်ထောင်စုအဆင့်ဝန်ကြီးဌာနအသီးသီးကို ပြည်ထောင်စုအစိုးရကနေပြီးတော့ လိုအပ်သလို ညွှန်ကြားဆောင်ရွက်နိုင်ဖို့လည်း သမ္မတရုံးဝန်ကြီးဌာနအမှတ်(၄)ကိုလည်းတစ်ဆင့် ဒီလိုပဲပြောကြားရမှာဖြစ်ပါတယ်။ နောက် ခုနက ထပ်ပြီးတော့ သက်ဆိုင်ရာဝန်ကြီးချုပ်က တိုက်ရိုက်လာဖြေဖို့ဆိုတဲ့ကိစ္စနှင့်ပတ်သက်ပြီး ဒီကိစ္စသည် လွှတ်တော်ဥက္ကဋ္ဌဆောင်ရွက်ရမယ့်ကိစ္စ မဟုတ်ပါဘူး။ သက်ဆိုင်ရာအစိုးရကပဲ စီစဉ်ပေးရမယ့်ကိစ္စဖြစ်တဲ့အတွက် အခုမေးတဲ့ထပ်ဆင့်မေးခွန်းကို ဖြေမယ်ဆိုလို့ရှိရင်လည်း သက်ဆိုင်ရာ ပြည်ထောင်စုအစိုးရရဲ့အစီအစဉ်နဲ့ပဲ ဖြေဖို့ဖြစ်ပါတယ်။

**ရမည်းသင်းမြို့နယ်၊ မြို့လှ၊ ကမ္မ၊ ဝါးရုံတောကျေးရွာအုပ်စုများရှိ လယ်မြေများအား သဲနုန်းထိုးခြင်းမှ ကာကွယ်နိုင်ရန်အတွက် ဆည်တစ်ခုဆောက်လုပ်ပေးရန် အစီအစဉ်ရှိ/မရှိနှင့်စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ ရမည်းသင်းမဲဆန္ဒနယ်မှ ဦးဘိုနီမေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးဘိုနီ(ရမည်းသင်းမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်တော်များ၊ ပြည်ထောင်စုအဆင့်ဝန်ကြီးများ၊ ဧည့်သည်တော်များ အားလုံး ကိုယ်စိတ်နှစ်ဖြာကျန်းမာချမ်းသာပါစေကြောင်း ဦးစွာဆုတောင်းမေတ္တာပို့သ ဂါရဝပြုအပ်ပါတယ်။ ကျွန်တော်ကတော့ မန္တလေးတိုင်းဒေသကြီး၊ ရမည်းသင်းမဲဆန္ဒနယ် ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဦးဘိုနီဖြစ်ပါတယ်။ လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့ မြို့နယ်အပါအဝင် အထူးသဖြင့် မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးတို့ဟာ ကျန်တဲ့ပြည်နယ်နှင့်တိုင်းများနှင့်နှိုင်းယှဉ်ပါက မိုးရေချိန် အင်မတန်နည်းတဲ့ဒေသတွေဖြစ်ပါတယ်။ မိုးရေချိန် ပျမ်းမျှ ၃၀ လက်မ၊ ၄၀ လက်မကြားသာရှိပြီး အချို့နှစ်တွေဆိုရင် ၃၀ လက်မအောက်ကိုရောက်တဲ့နှစ်လည်း ရှိခဲ့ပါတယ်။ ယခုလို ရာသီဥတုအခြေအနေရှိတဲ့ဒေသတွေအတွက် စိုက်ပျိုးရေဟာ အင်မတန်အရေးပါသော အရင်းအနှီးတစ်ခုဖြစ်ပါတယ်။ ဒေသတိုင်းရဲ့ကျေးရွာများမှာ စိုက်ပျိုးနိုင်တဲ့လယ်ယာမြေများအားလုံးစိုက်ပျိုးနိုင်ဖို့ လယ်ယာမြေများ မပျက်စီး၊ မဆုံးရှုံးအောင်လည်း ဂရုပြုရမှာဖြစ်ပါတယ်။ ဒေသအသီးသီး၊ ကျေးရွာအသီးသီးရဲ့ တောင်သူများရဲ့မိမိပိုင်ဆိုင်တဲ့လယ်ယာမြေများ စိုက်ပျိုးအောင်မြင်ပါမှ၊ ဝမ်းစာဖူလုံပါမှ စိတ်အေးချမ်းသာနေထိုင်နိုင်ကြမှာဖြစ်တဲ့အတွက် ကျေးလက်ဒေသတွေမှာ ဖွံ့ဖြိုးတိုးတက်မှုရရှိနိုင်ဖို့ဆိုရင် ကျွန်တော်တို့တတွေ ဒေသအသီးသီးရဲ့ ကျေးရွာတစ်အုပ်စု၊ နှစ်အုပ်စုအစရှိတဲ့ကျေးရွာများနှင့်သက်ဆိုင်တဲ့ ချောင်း၊ မြောင်းများကို အသေးစိတ်စူးစမ်းလေ့လာပြီး ဖြစ်နိုင်ချေရှိတဲ့နေရာတွေမှာ ဆည်ငယ်၊ ကန်ငယ် များများစားစားတည်ဆောက်ပြီး ရေရရှိရေးကြိုးစားဆောင်ရွက်ပေးမယ်ဆိုရင် နှစ်စဉ်ဝမ်းစာဖူလုံပါက တစ်ဖက်တစ်လမ်းက အကျိုးပြုနိုင်မယ်ဆိုတဲ့ဆန္ဒနဲ့ ကျွန်တော်တို့ဆီကဖြစ်စဉ်မျိုး နိုင်ငံတော်တစ်နံတစ်လျားမှာ ဖြစ်နိုင်ချေအဆင့်များ ရှိနိုင်တဲ့အတွက် ယခုမေးခွန်းကို လွှတ်တော်ဥက္ကဋ္ဌကြီးကတစ်ဆင့်မေးမြန်းရခြင်း ဖြစ်ပါတယ်ခင်ဗျား။

လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ရမည်းသင်းမြို့နယ်အတွင်းရှိ မြို့လှအုပ်စု၊ ကမ္မအုပ်စု၊ ဝါးရုံတောကျေးရွာအုပ်စုများတွင် ကျေးရွာခွဲပေါင်း ၁၀ ရွာရှိပြီး လယ်ယာစိုက်ပျိုးနေတဲ့ မြေဧကပေါင်း ၂၀၀၀ ကျော်ရှိပါတယ်။ ယခုအခါ မြို့လှအုပ်စု၊ ဝါးရုံတောအုပ်စုအတွင်းရှိ လယ်မြေဧကများမှာ ချောင်းရေကြောင့် သဲထိုးသဖြင့်လယ်မြေများမစိုက်ပျိုးနိုင်တော့ဘဲ လက်လွှတ်ဆုံးရှုံးနေရ

ပြီဖြစ်ပါတယ်။ မြို့လှအုပ်စုအတွင်းရှိ တံတားဦးကျေးရွာဆိုလျှင် ရွာလုံးကျွတ်မျှလယ်ယာမြေများ သဲထိုး ပြီတော့ လယ်မြေများလက်လွှတ်ဆုံးရှုံးနေပြီဖြစ်ပါတယ်။ ပထမအကြိမ် ပြည်သူ့လွှတ်တော် ဒုတိယပုံမှန် အစည်းအဝေးတွင် ယခုသဲထိုးချောင်း သုံးချောင်းဆုံရာ ရွှေဒါးချောင်းထိပ်တွင် ရေကာဆည်တစ်ခု တည်ဆောက်ပေးနိုင်ပါက လယ်ယာမြေများသဲထိုးမှုမှ ကာကွယ်နိုင်ခြင်း၊ ရွှေဒါးချောင်းရေဆုံးရှုံးမှု နည်းပြီး ကုတင်ကန်၊ ကျီးနီကန်သို့ ရေဖြည့်ပေးနိုင်ခြင်းအစရှိတဲ့ အကျိုးကျေးဇူးများကြောင့် ဆည်ငယ် တစ်ခုတည်ဆောက်ပေးနိုင်ရန် အစီအစဉ်ရှိ/မရှိ မေးမြန်းတင်ပြခဲ့ရာမှာ ကုန်ကျစရိတ်နှင့် အကျိုး အမြတ်ပေါ်မူတည်ပြီး ဖြစ်နိုင်စွမ်းရှိပါက စီမံဆောင်ရွက်ပေးမည်ဖြစ်ကြောင်း ဖြေကြားထားခဲ့သော် လည်းပဲ ယနေ့အချိန်ထိ မည်သို့သောဆောင်ရွက်ချက်မှ မရှိသေး၍ ဆည်ငယ်တစ်ခုတည်ဆောက် ပေးနိုင်/မပေးနိုင်နှင့် လယ်မြေများသဲထိုးမှုမှကာကွယ်ရန်နှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့်တောင်သူ များဝင်ငွေတိုးပြီး ဆင်းရဲမှုလျှော့ချနိုင်ရေး မည်ကဲ့သို့များ အစီအမံထားရှိသည်ကို သိရှိလိုပါ၍ လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် လေးစားစွာ တင်ပြမေးမြန်းအပ်ပါတယ်ခင်ဗျား။ အားလုံးကို ကျေးဇူး တင်ပါတယ်။ (ဩဘာသံများ)

**ဥက္ကဋ္ဌ**။ ။ သက်ဆိုင်ရာပြည်ထောင်စုဝန်ကြီးဌာနမှ ပြန်လည်ဖြေကြားဖို့ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဦးအောင်သိမ်း(ဒုတိယဝန်ကြီး၊ သမ္မတရုံးဝန်ကြီးဌာန-၄)**။ ။ ရိုသေလေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ကျွန်တော့်အနေနဲ့ မန္တလေးတိုင်းဒေသကြီး၊ ရမည်းသင်းမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဦးဘိုနီ မေးမြန်း ခဲ့တဲ့မေးခွန်းနှင့်ပတ်သက်ပြီး မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ကိုယ်စား ပြန်လည်ရှင်းလင်းဖြေဆို သွားမှာဖြစ်ပါတယ်။

၎င်းမေးခွန်းနှင့်ပတ်သက်ပြီး လယ်ယာကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးအတွက် လယ်ယာမြေများ သဲထိုးခြင်းမှ ကာကွယ်ရန်အတွက်လည်းကောင်း၊ ကုတင်ကန်၊ ကျီးနီကန်များသို့ ရေဖြည့်ပေးနိုင်ရန် အတွက်လည်းကောင်း၊ ဆည်ရေသောက်ဧရိယာ ၉၅၀ ဧကကို စိုက်ပျိုးရေပေးဝေရန်အတွက် လည်းကောင်း၊ မန္တလေးတိုင်းဒေသကြီး၊ ရမည်းသင်းခရိုင်၊ ရမည်းသင်းမြို့နယ်၊ မြို့လှကျေးရွာအုပ်စု၊ မြို့လှရွာအနီးမှာ ကျောက်တိုင်ရေလွှဲဆည်တည်ဆောက်ရန် မန္တလေးတိုင်းဒေသကြီး အစိုးရအဖွဲ့မှ လ ၃၀ အတွင်း ဆောင်ရွက်မည့် လုပ်ငန်းများစာရင်းမှာ ၂၀၁၅-၂၀၁၆ ခုနှစ် တတိယ ၁၂ လ လုပ်ငန်း ဆောင်ရွက်မည့်စာရင်းမှာ ခန့်မှန်းကုန်ကျငွေကျပ် သန်း ၃၅၀ ထည့်သွင်းရေးဆွဲထားပါတယ်။

ကျောက်တိုင်ရေလွှဲဆည်ဟာ မူလရွှေဒါးချောင်းကို ပိတ်ပြီးတော့ တည်ဆောက်ထားတဲ့ ရေလွှဲဆည်ဖြစ်ပြီးတော့ ၁၉၇၃ ခုနှစ်မှာ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးကော်မတီမှ တာဝန်ယူတည်ဆောက်ထားခြင်း ဖြစ်ပါတယ်။ ၁၉၉၃ ခုနှစ်မှာ ရွှေဒါးချောင်းရေကြီးမှုကြောင့် ရေလွှဲတာအတွင်း ရေအလုံးအရင်းဝင်ရောက်ပြီးတော့ ရေလွှဲတာရဲ့ လက်ဝဲ/လက်ယာတို့မှာ ရေထုတ်ပေါက်တစ်ခုစီ ဆောက်လုပ်ထားသော်လည်း ဝင်ရောက်တဲ့ရေပမာဏနှင့် ရေထုတ်နိုင်တဲ့ပမာဏ မမျှတမှုကြောင့် ရေလျှံ၊ ရေကျော်ဖြစ်ပွားပြီးတော့ တာပေါင်ကျိုးပေါက်ခြင်းဖြစ်ပေါ်လျက် ရေလွှဲတာမှာ ချောင်းအတွင်း မျောပါသွားခဲ့ကြောင်း ကနဦးလေ့လာစစ်ဆေးခြင်းအရ တွေ့ရှိရပါတယ်။

ယခုအခါ ကျောက်တိုင်ရေလွှဲတာနှင့် ရေထုတ်ပေါက်များမရှိတော့သော်လည်းဘဲ ရွှေဒါးချောင်းမှတိုက်ရိုက်မြောင်းတူးဖော် ဖောက်လုပ်ခြင်းနှင့် တူးမြောင်းရဲ့ အာဒီ ၂၀၀၀ ခန့်မှာ ရေတံလျှောက် တစ်ခုဆောက်လုပ်ခြင်းဖြင့် ၂၀၁၃-၂၀၁၄ ခုနှစ် ဘဏ္ဍာရေးနှစ်၊ တိုင်းဒေသကြီးအစိုးရရဲ့ ရရှိတဲ့ ရန်ပုံငွေနဲ့ ဆောက်လုပ်ပြီးတော့ ရေပေးဝေလျက်ရှိပါတယ်။ ဆည်မြောင်းဦးစီးဌာနမှ ကျောက်တိုင် ရေလွှဲဆည်ကို အခိုင်အမာပြန်လည်တည်ဆောက်နိုင်ရန် ရွှေဒါးချောင်းကို အလျားလိုက်တိုင်းတာခြင်းနှင့် ဖြတ်ပိုင်းတိုင်းတာခြင်း၊ ဒီဇိုင်းပုံစံများရေးဆွဲခြင်း၊ ရေးဆွဲထားတဲ့ဒီဇိုင်းပုံစံအရ ရန်ပုံငွေ တင်ပြတောင်းခံသွားမည် ဖြစ်ပါကြောင်းနှင့် ရန်ပုံငွေရရှိပါက လုပ်ငန်းများအကောင်အထည်ဖော် ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ပြန်လည်ဖြေကြားအပ်ပါတယ်။ အားလုံးကိုကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

**သာကေတကြို့နယ်ရှိ မြင်တော်သာလမ်းအား အဆင့်မြှင့်တိုးချဲ့ဆောင်ရွက်ပေးရန် အစီအစဉ်ရှိ/မရှိ တို့နှင့်စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ။** ။ ဦးမောင်မောင်စိုး၊ သာကေတမဲဆန္ဒနယ်မှ မေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးမောင်မောင်စိုး(သာကေတမဲဆန္ဒနယ် )။** ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ယနေ့အစည်းအဝေးကို တက်ရောက်လာကြတဲ့ ပုဂ္ဂိုလ်များအားလုံး မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ ရန်ကုန်တိုင်းဒေသကြီး၊ သာကေတမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဦးမောင်မောင်စိုးဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ပြည်သူ့လွှတ်တော် ဆဋ္ဌမပုံမှန် အစည်းအဝေးမှာ သာကေတမြို့နယ်မှာရှိတဲ့ မြင်တော်သာလမ်း၊ ဇင်မာလမ်း၊ ရဈေးလမ်း၊ ခိုင်ရွှေဝါ လမ်းနှင့် သုမဏာလမ်းများမှ ပျက်စီးနေတဲ့အတွက်ကြောင့် အဆင့်မြှင့်တိုးချဲ့ဆောင်ရွက်ပေးနိုင်ခြင်း ရှိ/မရှိ၊ ဆောင်ရွက်ပေးမည်ဆိုပါက ဆောင်ရွက်ပေးမည့်ကာလကို သိရှိလိုပါကြောင်း ကျွန်တော်

မေးမြန်းခဲ့ပါတယ်။ သက်ဆိုင်ရာမှ ဇင်္ဂမာလမ်းနှင့် မြင်တော်သာလမ်းကို ၂၀၁၂-၂၀၁၃ ဘဏ္ဍာရေးနှစ်မှာပြုလုပ်ပေးပါ့မယ်လို့ ဖြေကြားကတိပေးခဲ့ပြီးတော့ ဇင်္ဂမာလမ်းကိုတော့ အဆင့်မြှင့်ပြီးစီးခဲ့ပါတယ်။ မြင်တော်သာလမ်းကို ယနေ့အထိ အဆင့်မြှင့်တိုးမြှင့်ပေးခြင်း မပြုသေးပါ။ စုံစမ်းတဲ့အခါမှာ သုဝဏ္ဏ ဘောလုံးကွင်းနဲ့ ဆက်စပ်တဲ့လမ်းများကို အရေးပေါ်လိုအပ်၍ တိုးချဲ့ပေးနေရတဲ့အတွက်ကြောင့် မြင်တော်သာလမ်းပြင်ရန် ဘတ်ဂျက်ကို လွှဲပြောင်းသုံးစွဲခဲ့ရတဲ့အတွက်ကြောင့် ဒီလမ်းကိုအဆင့်မြှင့် တိုးချဲ့ ပေးနိုင်ခြင်းမရှိကြောင်း သိရှိရပါတယ်။ ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ်မှာလည်း မြင်တော်သာ လမ်းအဆင့်မြှင့်တိုးချဲ့ဖို့ လျာထားဆောင်ရွက်ပြီးတော့ ပြုပြင်ပေးခြင်းမရှိပါဘူး။ ဒါကြောင့် သာကေတ မြို့နယ် မြင်တော်သာလမ်းအဆင့်မြှင့်တိုးချဲ့ပေးရန် ကတိပြုသည့်အတိုင်း ဆောင်ရွက်ပေးရန်ရှိ/မရှိနှင့် မည်သည့်ကာလတွင် ဆောင်ရွက်ပေးမည်ကို သိရှိလိုပါကြောင်း လေးစားစွာဖြင့် မေးမြန်းအပ်ပါတယ် ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ သက်ဆိုင်ရာ ပြည်ထောင်စုဝန်ကြီးဌာနမှ ပြန်လည်ဖြေကြားဖို့ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဦးအောင်သိမ်း(ဒုတိယဝန်ကြီး၊ သမ္မတရုံးဝန်ကြီးဌာန-၄)**။ ။ ရိုသေလေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်တော်ကြီးများခင်ဗျား။ ကျွန်တော့်အနေနဲ့ ရန်ကုန်တိုင်းဒေသကြီး၊ သာကေတမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးမောင်မောင်စိုး မေးမြန်းခဲ့တဲ့ မေးခွန်းနဲ့ပတ်သက်ပြီး ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ကိုယ်စား ပြန်လည်ရှင်းလင်း ဖြေဆိုသွားမှာ ဖြစ်ပါတယ်။ ၎င်းမေးခွန်းနဲ့ပတ်သက်ပြီး သာကေတမြို့နယ် မြင်တော်သာလမ်း ၁၀၃၀၀ ပေ x ၂၀ ပေအား ကတ္တရာလမ်းသားတင်ခြင်းဆောင်ရွက်ရန် ဇင်္ဂမာလမ်း ၂၄၀၀ ပေ x ၂၀ ပေအား ကွန်ကရစ်လမ်းသားတင်ဆောင်ရွက်ရန်အတွက် ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ်မှာ ရန်ပုံငွေထည့်သွင်း လျာထားခဲ့ကြောင်း ဖြေကြားခဲ့ပါတယ်။ သို့ရာတွင် ဇင်္ဂမာလမ်းအား ကွန်ကရစ်ဖြင့် လမ်းသားတင်ခြင်း လုပ်ငန်းကိုသာ ဆောင်ရွက်ပေးနိုင်ခဲ့ပြီး အခြားဆောလျင်စွာ ဆောင်ရွက်ရန်လိုအပ်တဲ့လုပ်ငန်းများကို ပိုမိုဆောင်ရွက်ခဲ့ရတဲ့အတွက်ကြောင့် မြင်တော်သာလမ်း လမ်းသားတင်ခြင်းလုပ်ငန်းကို ဆောင်ရွက် ပေးနိုင်ခဲ့ခြင်းမရှိခဲ့ပါ။ ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ်အတွင်းမှာ သာကေတမြို့နယ်အတွင်း ရှုခင်းသာ လမ်းမကြီး ၁၁၃၀၀ ပေ x ၆၆ ပေ (သန်လျင်တံတားချဉ်းကပ်လမ်းဆုံမှ မဟာဗန္ဓုလတံတားအဆင်း အထိ) ကွန်ကရစ်နဲ့လမ်းသားတင်ခြင်းကို ကျပ် ၃၃၅၃၄ သိန်း အကုန်အကျခံ၍လည်းကောင်း၊ ဇင်္ဂမာ လမ်း ၄၄၆၅ ပေ x ၂၂ ပေအား ကွန်ကရစ်ဖြင့် လမ်းသားတင်ခြင်းကို ကျပ် ၂၂၀၀ သိန်းအကုန်အကျ

ခံ၍လည်းကောင်း၊ ရပ်ကွက်အတွင်းတွင်း အတွင်းလမ်း ၁၂ လမ်းကိုလည်း ကျပ် ၁၉၅၉ သိန်းအကုန် အကျခံ၍လည်းကောင်း စုစုပေါင်း ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ်အတွင်း သာကေတမြို့နယ်အတွက် ကျပ် ၃၇၆၉၃ သိန်းအကုန်အကျခံ ဆောင်ရွက်ပေးနိုင်ခဲ့ပါတယ်။ ၂၀၁၃-၂၀၁၄ ခုနှစ်အတွင်းမှာ မြင်တော်သာလမ်းထက် ပိုမိုအရေးကြီးပြီးတော့ ကုန်တင်ကားများသွားလာတဲ့ အဓိကလမ်းမကြီးဖြစ်တဲ့ အပြင် JICA နှင့် ပူးပေါင်းဆောင်ရွက်မယ့် Grater Yangon 2040 စီမံကိန်းမှာ ပါဝင်တဲ့ရှုခင်းသာ လမ်းမကြီးကို ဦးစားပေးဆောင်ရွက်ပေးခဲ့ခြင်းဖြစ်ပါတယ်။ မြင်တော်သာလမ်းမှာလည်း လက်ရှိမှာ နှစ်လမ်းသွားသာဖြစ်တဲ့အတွက်ကြောင့် ရေရှည်အသုံးပြုနိုင်ရန်အတွက် လေးလမ်းသွား တိုးချဲ့ရန်နဲ့ လမ်းပခုံးသားမြေကြီးဖို့ခြင်းလုပ်ငန်းကို ဦးစွာဆောင်ရွက်ပြီးတော့ အသားသေမှသာ လမ်းတိုးချဲ့ခြင်း လုပ်ငန်းကို ဆောင်ရွက်မှာဖြစ်တဲ့အတွက်ကြောင့် လောလောဆယ်အားဖြင့် ကတ္တရာကွန်ကရစ်ဖြင့် လမ်းပြုပြင်ထိန်းသိမ်းခြင်းလုပ်ငန်းကို ဆောင်ရွက်ပေးလျက်ရှိပြီး လာမယ့်နှစ်များတွင်မှသာ အပိုင်း လိုက်ဘဏ္ဍာငွေတင်ပြတောင်းခံပြီးတော့ ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ပြန်လည်ဖြေကြားအပ် ပါတယ်။ အားလုံးကိုကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

**မကွေးတိုင်းဒေသကြီး၊ တောင်တွင်းကြီးမြို့နယ်ရှိ ရန်ပယ်ဆည်၏အထက် ရေဝေရေလဲဧရိယာတွင် ဧက ၉၀၀၀၀ ကျော်ခန့်ရှိခဲ့ရာ အငြင်းပွားနေသော စိုက်ပျိုးမြေများအတွက် တောင်သူလယ်သမားများသို့ (ပုံစံ-၇) ထုတ်ပေးသွားရန် အစီအစဉ်ရှိ/မရှိ နှင့်စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ ဦးအေးနိုင်၊ ဆင်ပေါင်ဝဲမဲဆန္ဒနယ်မှ မေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးအေးနိုင်(ဆင်ပေါင်ဝဲမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ပြည်ထောင်စုဝန်ကြီးများနှင့် ဒုတိယဝန်ကြီးများ၊ အထူး ဖိတ်ကြားထားသော ဧည့်သည်တော်များခင်ဗျား။ အားလုံးကို မင်္ဂလာပါလို့ ဂါရဝပြုနှုတ်ခွန်းဆက်သ အပ်ပါတယ်။ ကျွန်တော်ကတော့ မကွေးတိုင်းဒေသကြီး၊ ဆင်ပေါင်ဝဲမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဦးအေးနိုင် ဖြစ်ပါတယ်။ ကျွန်တော်တင်ပြမေးမြန်းသွားမယ့်မေးခွန်းကတော့ တောင်သူ များ ဘိုးစဉ်ဘောင်ဆက်လုပ်ကိုင်စားသောက်ခဲ့တဲ့ လယ်ယာမြေနှင့်အခြားမြေများတွင် ကြိုးဝိုင်းအဖြစ် အတည်ပြုသတ်မှတ်လိုက်တဲ့အတွက် သက်ဆိုင်ရာတောင်သူများ (ပုံစံ-၇) မရခြင်း၊ (ပုံစံ-၇) မရ၍ ချေးငွေများမရရှိခြင်း၊ မိမိတို့ပိုင်လယ်ယာမြေများတွင် နှစ်ရှည်သစ်ပင်များကို ရာသီသီးနှံနှင့်အတူ အပင် ၁၅၀ ရောနှောစိုက်ရန်ကြားသိနေရခြင်းစတဲ့ စိတ်ဒုက္ခတွေဖြစ်ပေါ်နေတဲ့အတွက် သက်ဆိုင်ရာမှ မည်ကဲ့သို့ စီစဉ်ဆောင်ရွက်ပေးသွားမည်ကို သိရှိလိုပါကြောင်း တင်ပြမေးမြန်းသွားမှာ ဖြစ်ပါတယ်။

လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့ မကွေးတိုင်းဒေသကြီး၊ တောင်တွင်းကြီးမြို့နယ် ပရက်ကျင်၊ ဝက်ကသင်းကျေးရွာများရဲ့ အရှေ့ဘက်မှာရှိတဲ့ ရန်ပယ်ဆည် ကို နိုင်ငံတော်မှ ၂၀၀၀ ခုနှစ်တွင်တည်ဆောက်၍ ဖေဖော်ဝါရီလ ၂၈ ရက်နေ့မှာ ဖွင့်လှစ်ခဲ့ပါတယ်။ ယခင်က ဆည်၏အထက် ရေဝင်ရေလဲဧရိယာတွင် ဧက ၉၀၀၀၀ ကျော်ခန့်ရှိခဲ့ရာ တောင်သူ ၁၅၃၀ ဦးပိုင် လယ်မြေ ၄၄၃၆.၆၂ ဧက၊ ယာမြေ ၂၁၇၅၀.၁၁ ဧက၊ အခြားကျေးရွာ သာသနာ၊ သုသာန်မြေ ၅၅၄.၈၃ ဧက အသီးသီးပါဝင်ခဲ့ကြောင်း သိရှိရပါတယ်။ ရန်ပယ်ဆည်တည်ဆောက်ပြီးနောက်ပိုင်း တွင် အထက်ဖော်ပြပါဧရိယာများကို ၂၀၀၃ ခုနှစ်တွင် သစ်တောမိန့်အမှတ် (၄၈/၂၀၀၃)ဖြင့် အဆိုပြု ကာကွယ်တောအဖြစ်လည်းကောင်း၊ ၂၀၀၅ ခုနှစ်တွင် သစ်တောမိန့်အမှတ် (၃၅/၂၀၀၅)ဖြင့် ဘရုံကြိုး ဝိုင်းအဖြစ်အတည်ပြု သတ်မှတ်ခဲ့ပါတယ်။ အဲ့ဒီလိုအတည်ပြုသတ်မှတ် လိုက်တဲ့နောက်ပိုင်းမှာ မူလ ဆည်တည်ဆောက်ပြီးစတွင် ဓားမဦးချလုပ်ကိုင်ခဲ့တဲ့ တောင်သူလယ်သမားတွေမှာ ယခုအခါ (ပုံစံ-၇) လည်းမရ၊ ပုံစံ(၇)မရတဲ့အတွက် စိုက်ပျိုးသည့်ချေးငွေလည်းမရမှာကို စိုးရိမ်လာကြပါတယ်။ ကျေးရွာ များဖြစ်တဲ့ ကွင်းစကျေးရွာ၊ ပေလယ်ကျေးရွာ၊ ကန်ချောင်းကျေးရွာ၊ ငပျောခြင်းကျေးရွာ၊ ဇိမ့်ကျေးရွာ၊ မက်ကင်းကျေးရွာ၊ ဒနုန်းမြောင်ကျေးရွာ၊ ဆားအိုင်ကျေးရွာ၊ ကုန်းသာကျေးရွာ၊ ကုန်းဘိုကျေးရွာ ကျေးရွာပေါင်း ၁၀ ရွာမှ တောင်သူလယ်သမားများဟာ စိတ်ဒုက္ခရောက်နေကြရပါတယ်။ ဘရုံ ကြိုးဝိုင်းက တောင်သူမြေတွေကို ကျူးကျော်ခြင်းဖြစ်တယ်လို့ဆိုပါတယ်။ ဒါ့အပြင် သစ်တောဦးစီး ဌာနက တစ်ဧကလျှင် သစ်ပင် ၁၅၀ ရောနှောစိုက်ပေးဖို့ တောင်သူတွေကို တာဝန်ပေးခဲ့ပါတယ်။ ဒါပေ မယ့် တောင်သူတွေက မူလကပင် သူတို့ရဲ့စိုက်ပျိုးမြေတွေဖြစ်တဲ့အတွက် တစ်ဧကသစ်ပင် ၁၅၀ စိုက် ပေးရမယ်ဆိုတာကို လက်မခံလိုကြပါဘူး။ အောက်ခြေမှာ ကျွန်တော် အခုန တင်ပြခဲ့သလို မကျေနပ် တာတွေဖြစ်နေကြကြောင်း လေ့လာတွေ့ရှိရပါတယ်။ ဒီလိုမကျေမလည်ဖြစ်နေတာတွေကို သက်ဆိုင်ရာ ကအချိန်မီညှိနှိုင်းဖြေရှင်းပေးသင့်ပါကြောင်း အကြံပြုတင်ပြလိုပါတယ်။ သို့ပါ၍ အောက်ဖော်ပြပါ မေးခွန်းများကို ဖြေကြားပေးနိုင်ပါရန် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် တင်ပြမေးမြန်းအပ်ပါ တယ်။

မေးခွန်း(၁) အထက်ဖော်ပြပါ အငြင်းပွားနေသော လယ်မြေ၊ ယာမြေ၊ စိုက်ပျိုးမြေများအတွက် သက်ဆိုင်ရာတောင်သူလယ်သမားများသို့ (ပုံစံ-၇)ထုတ်ပေးသွားရန် အစီအစဉ်ရှိ/မရှိ။ မေးခွန်း(၂) ထုတ်ပေးရန်အစီအစဉ်ရှိပါက မည်သည့်ကာလတွင် စီစဉ်ဆောင်ရွက်ပေးသွားမည်ကို သိရှိလိုပါ

ကြောင်း တောင်သူလယ်သမားများ၏ကိုယ်စား တင်ပြမေးမြန်းအပ်ပါတယ်ခင်ဗျား။ အားလုံးကိုကျေးဇူး တင်ရှိပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ။** ။ သက်ဆိုင်ရာ ပြည်ထောင်စုဝန်ကြီးဌာနက ပြန်လည်ဖြေကြားဖို့ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဦးအုန်းသန်း(ဒုတိယဝန်ကြီး၊ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန)။** ။ ရိုသေလေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်တော်ကြီးများခင်ဗျား။ ကိုယ်၏ကျန်းမာခြင်း၊ စိတ်၏ချမ်းသာခြင်းများနှင့် ပြည့်စုံကြပါစေကြောင်း ဆုတောင်းမေတ္တာပို့သ ဂါရဝပြုနှုတ်ဆက်အပ်ပါတယ်။ မကွေးတိုင်းဒေသကြီး၊ ဆင်ပေါင်ဝဲမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးအေးနိုင်ရဲ့ ကြယ်ပွင့်ပြမေးခွန်းအပေါ်မှာ ကျွန်တော် လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနဝန်ကြီးကိုယ်စား ဒုတိယဝန်ကြီး ဦးအုန်းသန်းမှ ရှင်းလင်းဖြေကြားသွားမှာ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်တော်ကြီးရဲ့ မေးခွန်းမှာပါရှိတဲ့ တောင်တွင်းကြီးမြို့နယ် လိပ်တိုက်၊ ညာတောကျေးရွာအုပ်စုတွင် ရန်ပယ်ရေလှောင်တမံအား ၁၉၉၉-၂၀၀၀ ခုနှစ်မှာ စတင်တည်ဆောက်ခဲ့ပြီး ၂၈-၂-၂၀၀၂ ရက်နေ့မှာ ဖွင့်လှစ်ခဲ့ပါကြောင်း၊ ရေလှောင်တမံ၏ မူလအကျိုးပြုရေသောက်ဧရိယာမှာ ဧက ၁၀၀၀၀ ဖြစ်ပြီး မိုးစပါး ၉၂၀၀ ဧက၊ နွေစပါး ၈၉၂ ဧက လက်ရှိစိုက်ပျိုးလျက်ရှိကြောင်း ရန်ပယ်ချောင်းရေလှောင်တမံရဲ့ ရေဝေရေလဲဧရိယာမှာ ၈၄ စတုရန်းမိုင်ရှိကြောင်း သိရှိရပါတယ်။

ဆင်ပေါင်ဝဲမြို့နယ် ဘရုံကြိုးဝိုင်းဖြစ်ပေါ်လာရခြင်းမှာ တောင်တွင်းကြီးမြို့နယ် ရန်ပယ်ဆည်ရေရှည်တည်တံ့ခိုင်မြဲရေးအတွက် ၎င်းဆည်ထဲသို့စီးဝင်တဲ့ ဘရုံချောင်း ရေဝေရေလဲဧရိယာအတွင်း မြေဆီလွှာတိုက်စားမှုကာကွယ်ရန် ကြိုးဝိုင်းအဖြစ် ဖွဲ့စည်းရခြင်းဖြစ်ကြောင်း၊ ကြိုးဝိုင်းဖွဲ့စည်းရန် သစ်တောဦးစီးဌာနမှ လုပ်ထုံးလုပ်နည်းနှင့်အညီ အဆင့်ဆင့်တင်ပြခဲ့ပြီး သစ်တောရေးရာဝန်ကြီးဌာနရဲ့ ၁၉-၁၁-၂၀၀၃ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ်(၄၈/၂၀၀၃)ဖြင့် အဆိုပြုကြိုးဝိုင်းတောဖွဲ့စည်းရန်ကြေညာခဲ့ကြောင်း၊ အဆိုပြုကြိုးဝိုင်းမြေပေါ်မှာ သို့မဟုတ် သစ်တောထွက်ပစ္စည်းပေါ်တွင် စိတ်ဝင်စားသူများဟာ ဆိုင်ရာဆိုင်ခွင့်ရရှိရေးအတွက် အရေးဆိုခြင်း သို့မဟုတ် တောင်ယာစိုက်ပျိုးလုပ်ကိုင်ခွင့်ရရန်အတွက်အရေးဆိုခြင်း စသည်တို့အား ၃၀-၁-၂၀၀၄ ရက်မတိုင်မီ တင်သွင်းလျှောက်ထားကြရန်ကြေညာခဲ့ကြောင်း၊ သစ်တောအရာရှိအဆင့်ဆင့် မှတ်ချက်များနှင့်အတူ ဆိုင်ရာဆိုင်ခွင့်တောင်းဆိုသော တောင်သူ ၉၉၁ ဦး တင်ပြတောင်းဆိုတဲ့ လယ်ယာမြေ ၉၀၈၂.၆၅ ဧကအား သစ်တောကြေးတိုင်

(ပုံစံ-၂)ဖြင့် ထောက်ခံတင်ပြ၍ ထပ်မံတိုးချဲ့ခြင်းမပြုစေဘဲ သီးနှံသစ်တောရောနှောစိုက်ပျိုးခြင်းကို သစ်တောကြေးတိုင်ပုံစံ(၃)ဖြင့် ခွင့်ပြုခဲ့ကြောင်း၊ ဆိုင်ရာဆိုင်ခွင့်ဖြင့် ခွင့်ပြုသည့်အမိန့်ကို သုံးလအတွင်း သစ်တောရေးရာဝန်ကြီးထံ အယူခံဝင်လိုက ဝင်နိုင်ကြောင်းကို ထည့်သွင်းကြေညာခဲ့ကြောင်း၊ သစ်တောကြေးတိုင်(ပုံစံ-၄)မှာ အစိုးရမှခွင့်ပြုရန် ထောက်ခံတင်ပြတဲ့လျှော်ကြေးငွေမတွေ့ရှိရကြောင်း ယင်းသို့အဆင့်ဆင့်စိစစ်ပြီးမှ သစ်တောရေးရာဝန်ကြီးဌာနဝန်ကြီးရုံးရဲ့ ၄-၁၀-၂၀၀၅ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် (၃၅/၂၀၀၅) ဖြင့် ဘရုံအဆိုပြု ကြိုးဝိုင်းဧရိယာ ၃၅၀၀၀ ဧကအား အစိုးရအဖွဲ့ရဲ့ သဘောတူညီချက်နဲ့ ဘရုံကြိုးဝိုင်းအဖြစ် သတ်မှတ်ကြေညာခဲ့ကြောင်း သိရှိရပါတယ်။

ယခုအခါမှာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတရုံးရဲ့ ၁၁-၁-၂၀၁၃ ရက်စွဲပါစာအမှတ်၊ ၁၃(၁)/၇/သမ္မတရုံးဖြင့် သစ်တောကြိုးဝိုင်းကြိုးပြင်တောများတွင် နှစ်ကာလအတိုင်းအတာတစ်ခုအထိ တရားမဝင်ကျူးကျော်အခြေချနေထိုင်သည့် ရွာစုနှင့် အိမ်ထောင်စုများအား ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာန၊ ပြည်ထဲရေးဝန်ကြီးဌာန၊ တိုင်းဒေသကြီး/ပြည်နယ်အစိုးရအဖွဲ့တို့ ပူးပေါင်းပြီး မှန်ကန်တဲ့စာရင်းဇယားများကောက်ယူကာ ကျေးရွာသစ်များဖွဲ့စည်းနေရာချထားရန်ကိစ္စနှင့်စပ်လျဉ်းပြီး စာရင်းကောက်ယူမှုများအရ ဆင်ပေါင်ဝဲမြို့နယ် ဘရုံကြိုးဝိုင်းအတွင်း ပြည်ထဲရေးအမည်ပေါက် ကျေးရွာအုပ်စုလေးအုပ်စု၊ ကျေးရွာ ၁၀ ရွာရဲ့ မြေဧရိယာနှင့် အခြားမြေဧရိယာ ၅၅၄.၈၃ ဧက၊ လယ်မြေဧရိယာ ၄၄၃၆.၆၂ ဧက၊ ယာမြေဧရိယာ ၂၁၇၅၀.၈၁ ဧကကိုစာရင်းကောက်ယူရရှိခဲ့ကြောင်း၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးရုံးရဲ့ ၁၅-၁၀-၂၀၁၃ ရက်စွဲပါ ရုံးအမိန့်ကြော်ငြာစာအမှတ် (၂၀၃/၂၀၁၃)အရ ဘရုံသစ်တောကြိုးဝိုင်းအတွင်းမှ ရွာမြေ ၅၂၁.၁၀ ဧက သာသနာ/အများပိုင် ၃၃.၇၃ ဧကနှင့် လယ်မြေဧရိယာ ၄၄၃၆.၆၂ ဧက စုစုပေါင်း ၄၉၉၁.၄၅ ဧကအား ကျေးရွာမြေ၊ သာသနာ/အများပိုင်မြေနှင့် လယ်မြေများအဖြစ် ပြောင်းလဲအသုံးပြုရန် ကြိုးဝိုင်းတောမြေအဖြစ်မှ ပယ်ဖျက်ပေးခဲ့ပြီးဖြစ်ကြောင်းသိရှိရပါတယ်။ ဘရုံသစ်တောကြိုးဝိုင်းမြေအတွင်း ယာမြေ ၂၁၇၅၀.၈၁ ဧကနှင့်စပ်လျဉ်းပြီး ဒေသခံပြည်သူများ တိုးချဲ့လုပ်ကိုင်ခြင်းမရှိစေရေးနှင့် ပြည်သူများပိုင်ဆိုင်ခွင့်ရရှိပြီး ဆက်လက်လုပ်ကိုင်နိုင်ရန်အတွက် ယာတစ်ဧကအတွက် အပင် ၁၅၀ နှုန်းဖြင့် နှစ် ၃၀ လုပ်ပိုင်ခွင့်ရရှိမည့် ဒေသခံပြည်သူအစုအဖွဲ့ပိုင် သစ်တောတည်ထောင်ခြင်းလုပ်ငန်းကို စီမံချက်ရေးဆွဲဆောင်ရွက်လျက်ရှိကြောင်း၊ ၂၀၁၄-၂၀၁၅ ခုနှစ် မိုးရာသီမှာ ဘရုံသစ်တောကြိုးဝိုင်းအတွင်းရှိ ကျေးရွာများမှ ဒေသခံပြည်သူအစုအဖွဲ့ပိုင် သစ်တောတည်ထောင်နိုင်ရေးအတွက် ဆင်ပေါင်းဝဲမြို့နယ် သစ်တောဦးစီးဌာနမှ

ကုန်းဘိုကျေးရွာအုပ်စုမှာ ၁-၂-၂၀၁၄ ရက်နေ့တွင်လည်းကောင်း ကွင်းဆင်းစည်းရုံးဆောင်ရွက်ခဲ့ပြီး ဆန္ဒရှိသူများစုဖွဲ့၍ ၂၀၀ ဧက တည်ထောင်ဆောင်ရွက်သွားရန် စီမံထားရှိကြောင်း၊ တောင်သူများ၏ ယာစည်းရိုးများနှင့် ၎င်းတို့၏ဆန္ဒအရ ယာမြေများမှာ သီးနှံသစ်တောရောနှောစိုက်ပျိုးစေလျက် ဒေသခံပြည်သူအစု အဖွဲ့ပိုင်သစ်တောတည်ထောင်ခွင့်လက်မှတ်ပေးအပ်၍ လုပ်ကိုင်ခွင့်ပေးသွားမည်ဖြစ်ကြောင်းသိရှိရပါတယ်။ သစ်တောကြိုးဝိုင်းမြေအဖြစ်မှ ပယ်ဖျက်ပေးခဲ့ပြီးဖြစ်တဲ့စိုက်ပျိုးမြေများအား ဆက်လက်လုပ်ကိုင်နိုင်တဲ့တောင်သူများအနေဖြင့် ၂၀၁၂ ခုနှစ် မြေလွတ်၊ မြေလပ်နှင့်မြေရိုင်းများ စီမံခန့်ခွဲရေးဥပဒေ၊ နည်းဥပဒေများပါပြဋ္ဌာန်းချက်များနှင့်အညီ ဧက ၅၀ အောက်ဖြစ်ပါက နည်းဥပဒေ ၁၅ နည်းဥပဒေခွဲ(ခ) နှင့်နည်းဥပဒေ ၃၀ အရ တိုင်းဒေသကြီး မြေလွတ်၊ မြေလပ်နှင့်မြေရိုင်းများ စီမံခန့်ခွဲရေးလုပ်ငန်းအဖွဲ့သို့လည်းကောင်း၊ ဧက ၅၀ အထက်ကျော်လွန်ပါက မြေလွတ်၊ မြေလပ်နှင့်မြေရိုင်းများ စီမံခန့်ခွဲရေးဗဟိုကော်မတီသို့လည်းကောင်း၊ လုပ်ပိုင်ခွင့်လျှောက်ထားရယူဆောင်ရွက်နိုင်ကြောင်းတင်ပြအပ်ပါတယ်။ အဆိုပါလုပ်ပိုင်ခွင့်ရရှိသူများဟာ မိမိစိုက်ပျိုးလုပ်ကိုင်ခွင့်ရရှိတဲ့ မြေလွတ်၊ မြေရိုင်းများအား လယ်ယာမြေအဖြစ်ပြောင်းလဲသတ်မှတ်နိုင်ဖို့အတွက် လယ်ယာမြေနည်းဥပဒေ ၃၅ နှင့် ၄၁ ပါ ပြဋ္ဌာန်းချက်များနှင့်အညီ လယ်ယာမြေအဖြစ်ပြောင်းလဲသတ်မှတ်ရန် လျှောက်ထားနိုင်ပြီး လယ်ယာမြေလုပ်ပိုင်ခွင့်ပြုလက်မှတ် (ပုံစံ-၇) ရရှိရေးအတွက် ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ပါတယ်။ အဆိုပါလုပ်ငန်းများကိုလည်း မကွေးတိုင်းဒေသကြီး မြေလွတ်၊ မြေလပ်နှင့်မြေရိုင်းများ စီမံခန့်ခွဲရေး လုပ်ငန်းအဖွဲ့နှင့် မကွေးတိုင်းဒေသကြီး လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့များက ကြီးကြပ်ပြီး ဥပဒေ၊ နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ပါတယ်။ သစ်တောကြိုးဝိုင်းမြေအဖြစ်မှ ပယ်ဖျက်ခြင်းမပြုရသေးတဲ့ ယာမြေဧရိယာ ၂၁၇၅၀.၈၁ ဧကကို လုပ်ကိုင်နေတဲ့တောင်သူများအနေနဲ့ တရားဝင်လုပ်ပိုင်ခွင့်ရရှိရေးအတွက် သက်ဆိုင်ရာ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာနသို့ တင်ပြဆောင်ရွက်သွားရမည် ဖြစ်ပါတယ်။

သို့ဖြစ်ပါ၍ လွှတ်တော်ကိုယ်စားလှယ်ကြီးရဲ့ မကွေးတိုင်းဒေသကြီး၊ တောင်တွင်းကြီးမြို့နယ်ရှိ ရန်ပယ်ဆည်၏အထက် ရေဝေရေလဲဧရိယာမှာ ဧက ကိုးသောင်းကျော်ခန့်ရှိရာ အငြင်းပွားနေတဲ့ စိုက်ပျိုးမြေများအတွက် သက်ဆိုင်ရာတောင်သူလယ်သမားများသို့ ပုံစံ-၇ ထုတ်ပေးသွားရန် အစီအစဉ်ရှိ/မရှိနှင့်ပတ်သက်၍ မည်သည့်ကာလတွင် စီစဉ်ဆောင်ရွက်ပေးသွားမည်နှင့်စပ်လျဉ်းပြီး ကြယ်ပွင့်ပြ မေးခွန်းမှာ သစ်တောကြိုးဝိုင်းမြေအဖြစ်မှ ပယ်ဖျက်ပေးခဲ့တဲ့ လယ်မြေများကို ၂၀၁၂ ခုနှစ် မြေလွတ်၊ မြေလပ်နှင့်မြေရိုင်းများ စီမံခန့်ခွဲရေးဥပဒေ၊ နည်းဥပဒေများ၊ လယ်ယာမြေ ဥပဒေ၊ နည်းဥပဒေများ

နှင့်အညီ မကွေးတိုင်းဒေသကြီးအစိုးရအဖွဲ့က အနီးကပ်ကြီးကြပ်မှုဖြင့် မကွေးတိုင်းဒေသကြီးလယ်ယာမြေစီမံခန့်ခွဲမှုနှင့် မကွေးတိုင်းဒေသကြီး မြေလွတ်၊ မြေလပ်နှင့်မြေရိုင်းများ စီမံခန့်ခွဲရေးကော်မတီတို့က သစ်တောကြိုးဝိုင်းမြေအဖြစ်မှ ပယ်ဖျက်ပေးထားခြင်းမရှိတဲ့ယာမြေများကို သက်ဆိုင်ရာ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာနသို့ ဆက်လက်တင်ပြဆောင်ရွက်သွားပါက ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ဖြေကြားအပ်ပါတယ်။ အားလုံးကျေးဇူးတင်ရှိပါတယ်။ (ဩဘာသံများ)

**၂၀၁၂ လယ်ယာမြေဥပဒေ၊ နည်းဥပဒေများ၏ အကျိုးသက်ရောက်မှုကို တောင်သူလယ်သမားများ အမှန်တကယ်ခံစားခွင့်မရရှိသေးပါက အဆင့်ဆင့်တာဝန်ရှိသူများမှ မှန်ကန်၊ မြန်ဆန်စွာ ဆောင်ရွက်ပေးရန်နှင့် စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ဦးတင်ဌေးအောင်၊ ရေစကြိုမဲဆန္ဒနယ်မှ မေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးတင်ဌေးအောင်(ရေစကြိုမဲဆန္ဒနယ် )**။ ။ ရိုသေလေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ကြွရောက်လာကြသော ပြည်ထောင်စုအဆင့်ပုဂ္ဂိုလ်ကြီးများ၊ လွှတ်တော်ကိုယ်စားလှယ်ကြီးများနှင့် ဧည့်သည်တော်အပေါင်းတို့ ကိုယ်ရောစိတ်ပါ ကျန်းမာချမ်းသာကြပါစေလို့ ဆုမွန်ကောင်းတောင်းရင်း နှုတ်ခွန်းဆက်ဂါရဝပြုပါတယ်။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်ကတော့ မကွေးတိုင်းဒေသကြီး၊ ရေစကြိုမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးတင်ဌေးအောင်ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ၂၀၁၂ လယ်ယာမြေဥပဒေနဲ့ပတ်သက်လို့ မေးမြန်းသွားမှာဖြစ်ပါတယ်။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ မြေဟာလူသားတို့နဲ့ ရင်းနှီးဆုံးသော အခြေခံအကျဆုံးသော၊ မပတ်သက်လျှင် ရပ်တည်၍မရနိုင်သော ပစ္စည်းဥစ္စာဖြစ်တဲ့အတွက် လူတိုင်းနဲ့ ဘယ်တော့မှမကင်းကွာနိုင်တဲ့အရာ ဖြစ်ပါတယ်။ ဒါကြောင့် ပြည်သူတွေရဲ့စားဝတ် နေရေးဘဝကို ကာကွယ်စောင့်ရှောက်မြှင့်တင်ပေးချင်တယ်ဆိုရင် ပြောင်းလဲဖြစ်ပေါ်နေတဲ့ အခြေအနေအရပ်ရပ်နှင့် လိုက်လျောညီထွေရှိအောင် မြေယာစီမံခန့်ခွဲမှုများကို အကောင်းဆုံးနှင့် အမှန်ကန်ဆုံးစီမံ ဆောင်ရွက်မှုများ လိုအပ်မှာဖြစ်ပါတယ်။ ဒီကနေ့ နိုင်ငံတော်အစိုးရသစ်လက်ထက်မှာ ပြည်သူများ၏စားဝတ်နေရေးလိုအပ်ချက်၊ အလုပ်အကိုင်အခွင့်အလမ်းလိုအပ်ချက်၊ နေ့စဉ်လူမှု ဘဝလိုအပ်ချက်များကို ဖြည့်ဆည်းပေးနိုင်ရန်အလို့ငှာ အဖက်ဖက်က ဖြည့်ဆည်းဆောင်ရွက်ခြင်းများနှင့်အတူ နိုင်ငံရဲ့ ၇၀ ရာခိုင်နှုန်းမျှသော ကျေးလက်နေပြည်သူများရဲ့ အဓိကလုပ်ငန်းကဏ္ဍဖြစ်တဲ့ လယ်ယာဖွံ့ဖြိုးရေးတိုးတက်စေရေးအတွက် ၂၀၁၂ လယ်ယာမြေဥပဒေကို ပြဋ္ဌာန်းပေးခဲ့ခြင်းလည်းဖြစ်ပါတယ်။ ဒီလိုဥပဒေများဟာ ပြည်သူတွေရဲ့အကျိုးစီးပွားကို မည်သို့ပင်ဗဟိုပြုရေးဆွဲပြဋ္ဌာန်းပေးထားပေမယ့်

ဒီဥပဒေတွေကို လိုက်နာဆောင်ရွက်ရမယ့်တာဝန်ရှိသူအားလုံးက အပြည့်အဝပူးပေါင်း ပါဝင်ပြီးမှန်မှန်ကန်ကန် ကျင့်သုံးဆောင်ရွက်ကြမှသာ ဥပဒေ၊ နည်းဥပဒေများရဲ့အကျိုးသက်ရောက်မှုကို ထိထိရောက်ရောက် ခံစားခွင့်ရရှိကြမှာဖြစ်ပါတယ်။ ဒီနေ့ ၂၀၁၂ လယ်ယာမြေဥပဒေ၊ နည်းဥပဒေများကို ပြဋ္ဌာန်းခဲ့ရာ ၂ နှစ်နီးပါးမျှကြာပြီဖြစ်လင့်ကစား သက်ဆိုင်သူတောင်သူလယ်သမားများအဖို့ ဥပဒေပါအခွင့်အရေးများကို အမှန်တစ်ကယ်ခံစားခွင့်ရရှိကြတဲ့အကြောင်းတွေ ကြားရ၊ မြင်တွေ့နေရတာ များစွာမှ ဝမ်းနည်းဖွယ်ရာကောင်းပါတယ်။ ကျွန်တော့်အနေနဲ့လည်း ကျင်းပပြီးစီးခဲ့တဲ့ ပဉ္စမ၊ ဆဋ္ဌမ၊ သတ္တမအကြိမ်လွှတ်တော်များမှာ ကြယ်ပွင့်မပြမေးခွန်းများနဲ့ မေးခဲ့ဖူးပါတယ်။ ပြီးခဲ့တဲ့ အဋ္ဌမအကြိမ်မှာလည်းပဲ ကြယ်ပွင့်ပြမေးခွန်းနဲ့ မေးမြန်းခဲ့ဖူးပါတယ်။ သက်ဆိုင်ရာ ပြည်ထောင်စုဝန်ကြီးဌာနက အဖြေတွေဟာ အင်မတန်ဝမ်းမြောက်ဝမ်းသာစရာကောင်းတဲ့ အဖြေတွေအဖြစ် လက်ခံရရှိသော်လည်းပဲ ဒီကလွှတ်တော်နားလို့နယ်မြေပြန်သွားတဲ့အခါမှာ အောက်ခြေမှာ ပြောင်းလဲမှုတွေမှာ အင်မတန်နှေးကွေးပြီးတော့ ပြည်သူများဒုက္ခခံစားနေရတာကို တွေ့မြင်ရဆဲဖြစ်ပါတယ်။ ဥပမာအားဖြင့် မြေနုကျွန်းများကို ယခင်ခေတ်ကာလတွေကဆောင်ရွက်ခဲ့တဲ့ လုပ်ပိုင်ခွင့်ယူထားတဲ့ပုဂ္ဂိုလ်တွေက စိုက်ပျိုးရေးရာသီနီးတာနဲ့တစ်ပြိုင်ထဲ မြို့နယ်လယ်ရှင်ရဲ့ စီမံဆောင်ရွက်ချက်ကို မစောင့်တော့ဘဲနဲ့ ဝင်ရောက်ထွန်ယက်စိုက်ပျိုးကြတာကို လုပ်လိုက်ပါတယ်။ အဲ့ဒီအခါမှာ ၂၀၁၂ လယ်ယာမြေဥပဒေအရ ခံစားခွင့်ရှိတဲ့ ရွာသူရွာသားတွေနဲ့ ပြဿနာကို တွေ့မြင်တော့တာပါပဲ။ ပထမဥပဒေကိုကျူးလွန်လိုက်တဲ့အတွက် ကျူးလွန်တယ်။ အရေးမယူနိုင်ခင်မှာ နောက်ထပ်အပြစ်မရှိတဲ့ ရွာသူရွာသားတွေက ပုဒ်မ ၅၀၆တို့ ပုဒ်မ ၄၂၇ တို့နဲ့ တရားစွဲခံရတဲ့ ပြဿနာတွေ ကြုံတွေ့နေရတာ ဝမ်းနည်းစရာကောင်းပါတယ်။ နောက်တစ်ခါ မြေရင့်၊ မြေနုဆိုတာမှာ ကြေးတိုင်နှင့် မြေစာရင်းဦးစီးဌာနက ထင်ရှားစွာပြဋ္ဌာန်းပြီးသားသတ်မှတ်ချက်များရှိပေမယ့်လို့ အောက်ခြေမှာ ပြတ်ပြတ်သားသားမှန်မှန်ကန်ကန် ဆောင်ရွက်ပေးတာမျိုးအားနည်းတဲ့အတွက် ဒီအငြင်းပွားမှုတွေကလည်းပဲ စိတ်မကောင်းစရာရှိပါတယ်။ နောက် လယ်ယာမြေမှတ်ပုံတင်ထုတ်ပေးတဲ့အခါမှာလည်းပဲ တိကျမှန်ကန်မှုမရှိဘဲ တစ်ကွက်ထဲကိုပဲ တောင်သူနှစ်ယောက်နာမည်နှစ်မျိုးနဲ့ထုတ်ပေးထားတဲ့အတွက် ပြဿနာတွေရှိနေဆဲပဲဖြစ်ပါတယ်။ နောက်တစ်ခုကယာမြေများကို မှတ်ပုံတင်ရန်အလို့ငှာ ဗဟုသုတရှိတဲ့တောင်သူကသွားပြီးတော့ မြေစာရင်းကိုသွားပြီးတော့ အကူအညီတောင်းတဲ့အခါမှာ ဆင်းလာပြီးတော့ တိုင်းတာပေးပါတယ်။ အနီးတစ်ဝိုက်ကယာမြေရှင်တွေက သူတို့လည်းတစ်ပါတည်း ဆောင်ရွက်ပါမယ်ဆိုပြီး အကူအညီတောင်းတဲ့အခါမှာ တိုင်း၊ ထွာခ တောင်းယူတဲ့နေရာတွေမှာလည်းပဲ မှန်မှန်ကန်ကန်မဖြစ်တဲ့အတွက် အချို့မတတ်နိုင်လို့ မလုပ်ရ သေးတဲ့အတွက် မှတ်ပုံတင်နှေးကွေးမှုတွေရှိနေတာတွေ့ရပါတယ်။ ဒါကြောင့် ကျွန်တော့်အနေ

နဲ့မေးမြန်းသွားလိုသည်မှာ ၂၀၁၂ ခုနှစ် လယ်ယာမြေဥပဒေ၊ နည်းဥပဒေများရဲ့အကျိုးသက်ရောက်မှုကို တောင်သူလယ်သမားများ အမှန်တကယ်ခံစားခွင့်မရရှိကြသေးသည်ကို အသိအမှတ်ပြုပါ သလား။ အကယ်၍ခံစားခွင့်မရရှိကြသေးပါက အဆင့်ဆင့်တာဝန်ရှိသူများမှာ မှန်ကန်မြန်ဆန်စွာ ဆောင်ရွက်ပေးရေးအတွက် မည်ကဲ့သို့ ဆောင်ရွက်ပေးနိုင်မည်နည်းကို သိရှိလိုပါ၍ ဥက္ကဋ္ဌကြီးမှတစ်ဆင့် လေးစားစွာမေးမြန်းတင်ပြအပ်ပါတယ်ခင်ဗျား။ ကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ သက်ဆိုင်ရာ ပြည်ထောင်စုဝန်ကြီးဌာနမှ ပြန်လည်ဖြေကြားဖို့ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဦးအုန်းသန်း(ဒုတိယဝန်ကြီး၊ လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန)**။ ။ မကွေးတိုင်းဒေသကြီး၊ ရေစကြိုမဲဆန္ဒနယ် ပြည်သူလွှတ်တော်ကိုယ်စားလှယ် ဦးတင်ဋ္ဌေးအောင်ရဲ့ ကြယ်ပွင့်ပြမေးခွန်းအပေါ်မှာ ကျွန်တော်ဆက်လက်ဖြေကြားသွားမှာဖြစ်ပါတယ်။ လယ်ယာမြေဥပဒေကို ၂၀၁၂ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ် ၁၁ အဖြစ် နိုင်ငံတော်သမ္မတက ၃၀-၃-၂၀၁၂ ရက်နေ့မှာ လက်မှတ်ရေးထိုး ထုတ်ပြန်ပြဋ္ဌာန်းခဲ့ပြီး ၃၁-၈-၂၀၁၂ ရက်နေ့မှာ လယ်ယာမြေဥပဒေပုဒ်မ ၂ အရ စတင်အာဏာတည်သည်ဟု သတ်မှတ်ခဲ့ပါကြောင်း၊ လယ်ယာမြေနည်းဥပဒေကို လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနရဲ့ ၃၁-၈-၂၀၁၂ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ်၊ ၂/၂၀၁၂ ဖြင့် ထုတ်ပြန်ပြဋ္ဌာန်းခဲ့ပြီးဖြစ်ပါကြောင်းနှင့် ဥပဒေ၊ နည်းဥပဒေများပါ စာအုပ်များကို နေပြည်တော်၊ တိုင်းဒေသကြီး/ပြည်နယ် မြေစာရင်းဦးစီးဌာနများနှင့် ပြန်ကြားရေးဝန်ကြီးဌာန၊ စာပေဗိမာန်စာအုပ်အရောင်းဆိုင်များမှာ စာအုပ်တစ်အုပ်လျှင် ၇၀၀ ကျပ်နှုန်းဖြင့် ဝယ်ယူနိုင်ကြောင်း ၁-၇-၂၀၁၃ ရက်နေ့ထုတ် နိုင်ငံပိုင်သတင်းစာများမှာ ကြေညာပေးခဲ့ပြီး ဥပဒေ၊ နည်းဥပဒေစာအုပ်များကို လက်ရှိအခြေအနေမှာ အဆိုပါနေရာများမှာ ရောင်းချပေးလျက်ရှိကြောင်းတင်ပြအပ်ပါတယ်။ လယ်ယာမြေလုပ်ပိုင်ခွင့် မှတ်ပုံတင်ခြင်းနှင့် လယ်ယာမြေလုပ်ပိုင်ခွင့်ပြုလက်မှတ် ထုတ်ပေးခြင်းလုပ်ငန်းများကို ၁-၁-၂၀၁၃ ရက်နေ့မှ စတင်ပြီး နိုင်ငံတစ်ဝန်း တစ်ချိန်တည်း၊ တစ်ပြိုင်တည်း ဆောင်ရွက်ပေးလျက်ရှိရာ ၃-၃-၂၀၁၄ ရက်နေ့အထိ တောင်သူပေါင်း ၅.၀၁ သန်းရဲ့ ဦးပိုင်လုပ်ကွက်ပေါင်း ၈.၃၉ သန်း၊ ရာခိုင်နှုန်းအားဖြင့် ၉၈.၃၉ ရာခိုင်နှုန်းအား လယ်ယာမြေလုပ်ပိုင်ခွင့်ပြုလက်မှတ်များကို လယ်ယာမြေဥပဒေပုဒ်မ ၄၊ ၅ နှင့် ၆ တို့ပါ ပြဋ္ဌာန်းချက်များနှင့်ညီညွတ်စွာ တောင်သူလယ်သမားများ လက်ဝယ်အရောက် ထုတ်ပေးပြီးဖြစ်ပါကြောင်းနှင့် ကျန်ရှိနေတဲ့ တောင်သူလယ်သမားများရဲ့ လယ်ယာမြေလုပ်ပိုင်ခွင့်ပြုလက်မှတ်များ ဆက်လက်ထုတ်ပေးလျက်ရှိကြောင်းတင်ပြလိုပါတယ်။

လယ်ယာမြေဥပဒေ၊ နည်းဥပဒေများနှင့် မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ စီမံခန့်ခွဲရေးဥပဒေ၊ နည်းဥပဒေများပါ ပြဋ္ဌာန်းချက်များနှင့်ပတ်သက်ပြီး ဆင့်ပွားသင်တန်းများကိုလည်း နိုင်ငံတစ်ဝန်းလုံးမှာ ၁၉-၉-၂၀၁၂ ရက်နေ့မှစတင်ပြီး ကျေးရွာဒေသ တောင်သူများအားလုံး ကျယ်ကျယ်ပြန့်ပြန့်သိရှိစေရေး ရှင်းလင်းပို့ချဆောင်ရွက်ခဲ့ပြီး၊ လယ်ယာမြေလုပ်ပိုင်ခွင့်ရရှိရေးအတွက် သိရှိထားသင့်တဲ့ အကြောင်းအရာများ လက်ကမ်းစာစောင်များကို စောင်ရေတစ်သိန်းကိုလည်း ဖြန့်ဝေအသိပေးဆောင်ရွက်ခဲ့ပြီးဖြစ်တဲ့အပြင် ပြည်ထဲရေးဝန်ကြီးဌာန၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ရပ်ကွက်/ကျေးရွာအုပ်စု စာရေးဝန်ထမ်းများ၊ ရပ်ကွက်/ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးနှင့်အဖွဲ့ဝင်များ မွမ်းမံသင်တန်းများမှာလည်းပဲ သင်တန်းများပို့ချပေးခဲ့ကြောင်း၊ ပြည်သူလူထုအားလုံး ကျယ်ကျယ်ပြန့်ပြန့် သိရှိနိုင်စေရန် သတင်းစာ၊ ရုပ်မြင်သံကြား သတင်းထုတ်လွှင့်ခြင်းနှင့် တောင်သူလယ်သမားကဏ္ဍဆောင်းပါးရှင်တို့က နှီးဆော်ခြင်းတို့ကိုလည်း ယနေ့ထိ (Farmer Channel) မှ ထုတ်လွှင့်ပေးလျက်ရှိကြောင်း တင်ပြလိုပါတယ်။

မကွေးတိုင်းဒေသကြီးအတွင်းမှာလည်း တောင်သူလယ်သမားများသိရှိနိုင်ဖို့အတွက် အထက်ပါအတိုင်း သင်တန်းများဆွေးနွေးခြင်းများကို ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း တင်ပြလိုပါတယ်။ တောင်သူလယ်သမားများအနေနဲ့ လယ်ယာမြေဥပဒေ၊ နည်းဥပဒေများပါ ပြဋ္ဌာန်းချက်များနဲ့အညီ လယ်ယာမြေလုပ်ပိုင်ခွင့်ပြုလက်မှတ်များရရှိပြီး လယ်ယာမြေဥပဒေပုဒ်မ ၉ ပါ လယ်ယာမြေကို လက်ရှိထားပိုင်ခွင့်၊ ရောင်းချခွင့်၊ ပေါင်နှံခွင့်၊ ငှားရမ်းခွင့်၊ လဲလှယ်ခွင့်၊ ပေးကမ်းခွင့်၊ အမွေဆက်ခံခွင့်၊ အကျိုးတူလုပ်ကိုင်ခွင့်စတဲ့ အခွင့်အရေးများ၊ လယ်ယာမြေဥပဒေပုဒ်မ ၂၈ အရ မူလစိုက်ပျိုးလျက်ရှိတဲ့ သီးနှံအမျိုးအစားက အခြားသီးနှံအမျိုးအစားကို ပြောင်းလဲစိုက်ပျိုးခွင့်များ၊ လယ်ယာမြေဥပဒေပုဒ်မ ၃၀ အရ လယ်ယာမြေကို အခြားနည်းအသုံးပြုခွင့်များကို ဥပဒေ၊ နည်းဥပဒေများနှင့် ညီညွတ်စွာဖြင့် အကျိုးကျေးဇူးများရရှိ ခံစားနေကြပြီဖြစ်ပါတယ်။ သို့ဖြစ်ပါ၍ လွှတ်တော်ကိုယ်စားလှယ်တော်ကြီးရဲ့ ၂၀၁၂ ခုနှစ်၊ လယ်ယာမြေဥပဒေ၊ နည်းဥပဒေများ၏ အကျိုးသက်ရောက်မှုကို တောင်သူလယ်သမားများအမှန်တကယ် ခံစားခွင့်မရရှိသေးသည်ကို အသိအမှတ်ပြုပါသလား။ ခံစားခွင့်မရရှိသေးပါက အဆင့်ဆင့်တာဝန်ရှိသူများမှ မှန်ကန်မြန်ဆန်စွာ ဆောင်ရွက်ပေးနိုင်ရေးအတွက် မည်ကဲ့သို့စီမံဆောင်ရွက်နိုင်ပါမည် မေးမြန်းချက်နှင့်ပတ်သက်ပြီး ၂၀၁၂ ခုနှစ်၊ လယ်ယာမြေဥပဒေ၊ နည်းဥပဒေပြဋ္ဌာန်းချက်များနှင့်အညီ တောင်သူများအကျိုးခံစားခွင့်ရရှိရေးအတွက် ဗဟိုလယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့ရဲ့ ကြီးကြပ်လမ်းညွှန်မှု တိုင်းဒေသကြီး/ပြည်နယ် လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့အသီးသီးက အထူး

ကြပ်မတ်ဆောင်ရွက်ပေးလျက်ရှိပါကြောင်းနှင့် တောင်သူများအနေဖြင့် လယ်ယာမြေဥပဒေ၊ နည်းဥပဒေများနှင့်အညီ လယ်ယာမြေလုပ်ပိုင်ခွင့်များရရှိပြီးဖြစ်၍ လယ်ယာမြေတန်ဖိုးများ ယနေ့ အချိန်အခါမှာ တက်လာခါ အကျိုးကျေးဇူးများ ခံစားခွင့်များရရှိနေပြီဖြစ်ကြောင်း ရှင်းလင်းဖြေကြား အပ်ပါတယ်။ အားလုံးကျေးဇူးတင်ပါတယ်။ ( သြဘာသံများ)

## အမျိုးသားလွှတ်တော်မှ ပြင်ဆင်ချက်ဖြင့် အတည်ပြု၍ ပေးပို့လာသော လမ်းမကြီးများ ဥပဒေကိုပြင်ဆင်သည့်ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ဥပဒေကြမ်းကော်မတီက အစီရင်ခံစာတင်သွင်းခြင်း

**ဥက္ကဋ္ဌ**။ ။ အစီအစဉ် ၇ ဆက်လက်ဆောင်ရွက်ပါမယ်။ လွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ အမျိုးသားလွှတ်တော်မှာ စတင်တင်သွင်းပြီး ပြင်ဆင်ချက်ဖြင့်အတည်ပြုပေးပို့လာသော လမ်းမကြီးများဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်းနှင့်စပ်လျဉ်းပြီး ပြည်သူ့လွှတ်တော်ဥပဒေကြမ်း ကော်မတီက အစီရင်ခံစာတင်သွင်းဖို့ဖြစ်ပါတယ်။ အစီရင်ခံစာတင်သွင်းရန် ဥပဒေကြမ်းကော်မတီ အားဖိတ်ခေါ်ပါတယ်။

**ဒေါ်ခင်ဌေးကြွယ်(အဖွဲ့ဝင်၊ဥပဒေကြမ်းကော်မတီ)**။ ။ လေးစားအပ်ပါသော ဥက္ကဋ္ဌကြီး နှင့်ကိုယ်စားလှယ်များ၊ ဧည့်သည်တော်များ မင်္ဂလာပါလို့ နှုတ်ခွန်းဆက်ပါတယ်။ ကျွန်မကတော့ မွန်ပြည်နယ်၊ မော်လမြိုင်မဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဥပဒေကြမ်းကော်မတီဝင် ဒေါ်ခင်ဌေးကြွယ် ဖြစ်ပါတယ်။ ကျွန်မမှ လမ်းမကြီးများဥပဒေကိုပြင်ဆင်သည့် ဥပဒေကြမ်းနှင့် စပ်လျဉ်း၍ ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီ၏ လေ့လာတွေ့ရှိချက် အစီရင်ခံစာကို ဖတ်ကြား တင်သွင်းသွားမှာ ဖြစ်ပါတယ်။

၁။ ပြည်ထောင်စုအစိုးရအဖွဲ့ရုံးက ပေးပို့လာသော လမ်းမကြီးများဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းအား အမျိုးသားလွှတ်တော်တွင် စတင်ဆွေးနွေးခဲ့ပြီး ပြင်ဆင်ချက်များဖြင့် အတည်ပြု ပြီးနောက် ပြည်သူ့လွှတ်တော်တွင် ဆွေးနွေးနိုင်ရန် ပေးပို့လာပါသည်။

၂။ ဆောက်လုပ်ရေးဝန်ကြီးဌာနသည် ယင်း၏ လုပ်ငန်းများကိုစနစ်တကျ ဆောင်ရွက်နိုင်ရန်နှင့် ခေတ်နှင့်လျော်ညီသည့် ပြစ်ဒဏ်များကို ပြောင်းလဲသတ်မှတ်နိုင်ရေးအတွက် ရည်ရွယ်၍ ဤဥပဒေကြမ်းအား ပြင်ဆင်ရေးဆွဲရခြင်းဖြစ်ကြောင်း လေ့လာတွေ့ရှိရပါသည်။

၃။ ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီသည် ၄-၃-၂၀၁၄ ရက်နေ့တွင် ပို့ဆောင်ရေး၊ ဆက်သွယ်ရေးနှင့် ဆောက်လုပ်ရေးဆိုင်ရာ ကော်မတီအဖွဲ့ဝင်များ၊ ဥပဒေရေးရာနှင့်အထူးကိစ္စရပ်များ လေ့လာဆန်းစစ်သုံးသပ်ရေးကော်မရှင်အဖွဲ့ဝင်များ၊ ဥပဒေပြုရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေး လုပ်ငန်းကော်မတီများနှင့် ဆောက်လုပ်ရေးဝန်ကြီးဌာနတို့မှ တာဝန်ရှိပုဂ္ဂိုလ်များနှင့်အတူ ညှိနှိုင်း အစည်းအဝေးကျင်းပခဲ့ပါသည်။

၄။ ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီသည် ဤဥပဒေကြမ်းအား ပြည်သူ့လွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၅၉ ပါ အခြေခံရမည့်မူ(၁၂)ချက်နှင့်အညီ လေ့လာစိစစ်တွေ့ရှိချက်များမှာ အောက်ပါ အတိုင်းဖြစ်ပါသည် -

(က) ဤဥပဒေကြမ်းတွင် ပုဒ်မပေါင်း( ၆) ခုပါရှိပါသည်။

(ခ) ဤဥပဒေကြမ်း တင်သွင်းရခြင်း၏ ရည်ရွယ်ချက်ကို ဖော်ပြရာတွင် မူလဥပဒေ၏ ရည်ရွယ်ချက်ကိုသာ ဖော်ပြထားခြင်းဖြစ်သည်ကိုတွေ့ရှိရပြီး ပြင်ဆင်သည့် ဥပဒေကြမ်း နှင့်ဆီလျော်မှုမရှိသည်ကိုတွေ့ရှိရပါသည်။

(ဂ) အမျိုးသားလွှတ်တော်၏ ပြင်ဆင်အတည်ပြုချက်များအနက် (၇) ချက်အား အမျိုးသားလွှတ်တော်၏ ပြင်ဆင်ချက်များအတိုင်းလက်ခံရန် သဘောတူပါသည်။

(ဃ) ပြင်ဆင်သည့် ဥပဒေကြမ်း၏ ပုဒ်မ ၂ ရှိ ပုဒ်မ ၃ ပုဒ်မခွဲ (က) ၌ ပါရှိသော ဆိုသည့် စကားရပ်အား ပုဒ်မ ၃ ပုဒ်မခွဲ(က) နှင့် ပုဒ်မ ၆ တို့၌ ပါရှိသောဟုပြင်ဆင်ပါသည်။

(င) ပြင်ဆင်သည့် ဥပဒေကြမ်း၏ ပုဒ်မ ၃ ပုဒ်မခွဲ (ဃ) အား ပုဒ်မခွဲ(ခ)တွင် ဖော်ပြပြီးဖြစ်၍ ပယ်ဖျက်ပါသည်။

(စ) ပြင်ဆင်သည့် ဥပဒေကြမ်း၏ ပုဒ်မ ၅ အား ပုဒ်မ ၄ ပုဒ်မခွဲ (က) အဖြစ် ပြင်ဆင်ပြီး ငွေဒဏ်ဖြစ်စေ ဆိုသည့် စကားရပ်၏ရှေ့တွင် အနည်းဆုံး ကျပ်ငါးသောင်းမှ အများဆုံး ကျပ်ငါးသိန်းထက်မပိုသော ဟု ပြင်ဆင်ပါသည်။

(ဆ) ပြင်ဆင်သည့် ဥပဒေကြမ်း၏ ပုဒ်မ ၆ အား ပုဒ်မ ၅ ပုဒ်မခွဲ (က) အဖြစ် ပြင်ဆင်ပြီး ထောင်ဒဏ် ၃လအထိ ဖြစ်စေ၊ ငွေဒဏ်ဖြစ်စေ ဆိုသည့် စကားရပ်အား သုံးလထက် မပိုသော ထောင်ဒဏ်ဖြစ်စေ၊ အနည်းဆုံး ကျပ် တစ်သောင်းမှ အများဆုံးကျပ် တစ်သိန်း ထက်မပိုသောငွေဒဏ်ဖြစ်စေ ဟု လည်းကောင်း ပြင်ဆင်ပါသည်။

၅။ သို့ဖြစ်ပါ၍ လမ်းမကြီးများဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းအား လွှတ်တော်မှ အတည်ပြု ပေးနိုင်ပါရန် ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၆၁ အရ စိစစ်ခဲ့ကြပြီး နည်းဥပဒေ ၆၃ နှင့်အညီ အစီရင်ခံတင်ပြအပ်ပါသည်။

## လမ်းမကြီးများဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိလျှင် အမည်စာရင်းတင်သွင်းနိုင်ကြောင်း ဥက္ကဋ္ဌကကြေညာခြင်း

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ လမ်းမကြီးများဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းနှင့်စပ်လျဉ်းပြီး ဆွေးနွေးလိုတဲ့ ကိုယ်စားလှယ်များရှိပါက ဆွေးနွေးလိုတဲ့ အပိုဒ်၊ အပိုဒ်ခွဲ၊ အကြောင်းအရာ၊ အချက်အလက် တိကျစွာဖော်ပြ၍ ၁၂-၃-၂၀၁၄ (ဗုဒ္ဓဟူးနေ့) နောက်ဆုံးထားပြီး အမည်စာရင်းပေးကြရန်ဖြစ်ကြောင်း အသိပေးကြေညာပါတယ်။

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များနှင့် တက်ရောက်လာတဲ့ ပြည်ထောင်စုအဆင့် အဖွဲ့ဝင်များခင်ဗျား။ မေးခွန်း အစီအစဉ် ၆(က) မှာမေးတဲ့ ဦးရဲထွန်းရဲ့ မေးခွန်းသည် သက်ဆိုင်ရာ ပြည်ထောင်စုအစိုးရ ကချင်ပြည်နယ်အစိုးရအပြင် ပြည်ထောင်စု ဆောက်လုပ်ရေးဝန်ကြီးဌာနလည်း သက်ဆိုင်နိုင်တဲ့ ကိစ္စတစ်ခုဖြစ်တယ်လို့ လွှတ်တော်ဥက္ကဋ္ဌကယူဆပါတယ်။ ဒါကြောင့်မို့လို့ ပြည်ထောင်စုအစိုးရက ပြန်လည်ဖြေကြားတဲ့အခါ သက်ဆိုင်ရာပြည်ထောင်စု ဆောက်လုပ်ရေးဝန်ကြီး ဌာနရဲ့ အကြံဉာဏ်သုံးသပ်ချက်များပါ ပါဝင်မယ်ဆို ပိုပြည့်စုံနိုင်ကြောင်း အသိပေးကြေညာလိုပါ တယ်။ ဒါကြောင့် ဒီနေ့ အစည်းအဝေးမှာ ဆောက်လုပ်ရေးဝန်ကြီးဌာနလည်း လာရောက်တဲ့အတွက် တင်ပြချက်၊ ဖြေကြားချက်များကိုလည်း ကြားသိပြီးဖြစ်ပါတယ်။ ဖြစ်နိုင်သမျှမှန်မှန်ကန်ကန်နဲ့ ဥပဒေ နှင့်အညီဖြေကြားရေးဟာ အကောင်းဆုံးပဲဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ အခုလို ထပ်ဆင့်ပြောကြားခြင်း ဖြစ်ပါတယ်။

## ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက ပထမအကြိမ် ပြည်သူ့လွှတ်တော် နဝမပုံမှန်အစည်းအဝေး (၂၃) ရက်မြောက်နေ့ ရပ်နားကြောင်းနှင့် အစည်းအဝေး (၂၄) ရက်မြောက်နေ့ ကျင်းပမည့် နေ့ရက်နှင့်အချိန်ကို ကြေညာခြင်း

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပထမအကြိမ် ပြည်သူ့လွှတ်တော် နဝမ ပုံမှန်အစည်းအဝေး (၂၃)ရက်မြောက်နေ့ ရပ်နားပါမယ်။ ပထမအကြိမ် ပြည်သူ့လွှတ်တော် နဝမပုံမှန်

အစည်းအဝေး (၂၄) ရက်မြောက်နေ့ ကျင်းပမည့်ရက်ကို ထပ်မံကြေညာပါမယ်။ ယနေ့အစည်းအဝေး ပြီးဆုံးကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**အချိန်၊ ၁၁း၁၀။**

**အခမ်းအနားမှူး။** ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌပြန်လည်ထွက်ခွာပါပြီခင်ဗျား။

**အခမ်းအနားမှူး။** ။ အားလုံးပြန်လည်ထွက်ခွာနိုင်ပါပြီခင်ဗျား။

[ပထမအကြိမ် ပြည်သူ့လွှတ်တော် န၀မပုံမှန်အစည်းအဝေး (၂၃) ရက်မြောက်နေ့ကို နေ့လယ် ၁၁း၁၀ နာရီအချိန်တွင် ရပ်နားပါသည်။]